# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ စနေနေ့ (9-10-2010) (၆၅၄၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး မြစ်ကြီးနား-တနိုင်းလမ်းပိုင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော်　　အောက်တိုဘာ　　၈**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်းအခြေအနေများ၊ လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လမ်းတစ်လျှောက် တံတားများကြံ့ခိုင်ကောင်းမွန်မှု အခြေအနေနှင့်

**စာမျက်နှာ ၈ ကော်လံ ၅ သို့**



မိုင်တိုင်အမှတ်(၁၃/၁)နှင့် (၁၃/၂)အတွင်း ကတ္တရာထပ်ပိုးလွှာခင်းပြီး လမ်းတာပေါင်ခဲ့ထားစဉ်။

## လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကိုအောင်မြင်ခြင်း (၃)
## ပျော်ဘွယ်-ရှာမွန်-နတ်မောက်-ကန်ပြား(မကွေး)လမ်း

**သတင်းဆောင်းပါး-ရန်ကြီးအောင် ❖ ဓာတ်ပုံ-ဆောက်လုပ်ရေး**

**ခေတ်အဆက်ဆက်က သဘာဝအတားအဆီးတစ်ခုသဖွယ် ဖြစ်တည်နေခဲ့သော ပဲခူးရိုးမကြီးကို ယခုအခါ လမ်းမကြီးခုနစ်သွယ်ဖြင့် အောင်မြင်စွာ ဖြတ်ကျော်လျက်ရှိပေပြီ။ ယခင်က ရိုးမကို ဖြတ်ကျော်သည့်လမ်းများ ရှိခဲ့သည်ဆိုသော်ငြား အချို့မှာ ဒေသသုံး၊ အချို့မှာ ကုန်ထုတ်လုပ်ငန်းသုံး လမ်းအဆင့်မျှသာရှိခဲ့ပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား၊ ရိုးမအရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့အကြား ရာသီမရွေး ကူးလူးဆက်သွယ်သွားလာနိုင်သည့် အဓိကလမ်းမကြီးများအဖြစ် အားထားသွားလာနိုင်ခြင်း မရှိခဲ့ပေ။**

မျက်မှောက်ကာလတွင်မူ ရှိပြီးသားလမ်းဟောင်းများကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းတို့ဖြင့် ရိုးမကို အလွယ်တကူ ဖြတ်ကျော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရိုးမကိုဖြတ်ကျော်သည့် လမ်းမကြီးခုနစ်သွယ်အနက် အရှည် ၁၂၅ မိုင် တစ်ဖာလုံရှိ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းမကြီးကို ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ဖောက်လုပ်ဆဲ၊ အဆင့်မြှင့်တင်တည်ဆောက်ဆဲ လမ်းများဖြစ်သည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**



မိုင်တိုင်အမှတ် (၂၂/၁) နှင့် (၂၂/၂) အတွင်း (၃၄)ပေအကျယ် မြေသားလမ်း တာပေါင်ခံ၍ခြင်း ဆောင်ရွက်စဉ်။

## မိုးရေချိန် စံချိန်သစ်

**နေပြည်တော်　အောက်တိုဘာ　၈**

အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီခွဲအချိန်တွင် တစ်ဖက်ဖော်ပြပါစခန်းများ၌ အောက်တိုဘာလ၏ ၂၄ နာရီအတွင်း အများဆုံး ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေသဝနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။　(သတင်းစဉ်)

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် လက်မ | စံချိန်ဟောင်း လက်မ | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စံချိန်ကျိုးသည့် နှစ်ပေါင်း |
|---|---|---|---|---|---|
| ၁။ | တံတားဦး | ၅. ၉၁ | ၃. ၅၄ | ၁-၁၀-၂၀၀၃ | ၇ |
| ၂။ | မန္တလေး | ၅. ၁၂ | ၄. ၂၅ | ၁၅-၁၀-၁၉၉၂ | ၆၄ |
| ၃။ | ပြင်ဦးလွင် | ၅. ၇၅ | ၅. ၄၃ | ၁၀-၁၀-၂၀၀၄ | ၁၈ |

မြေမှုံ The Mirror

၉-၁၀-၂၀၁၀
(စနေနေ့)

## စွမ်းရည်မြင့်မား တိုင်းရင်းသားလူငယ်များ ပျိုးထောင်

နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးကို အလေးထားသည်။ ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်း၌ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နေသည်။ အထူးသဖြင့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်နိုင်ရေး အခြေခံပညာကျောင်းများ တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးထားပြီ။ လူငယ်လူရွယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များထဲမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ပေးထားသည်။ ယခုအခါ အဆိုပါ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုမှ မွေးထုတ်ပေးလိုက်သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသူများနှင့် အင်ဂျင်နီယာဒီပလိုမာရရှိသူလူငယ်များ လုပ်ငန်းခွင်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြပေပြီ။

ထို့အပြင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများဖွင့်လှစ်၍ စက်မှုလက်မှုပညာများ သင်ကြားပေးနေသည်။ နယ်စပ်ဒေသ မြို့ပြစီမံကိန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်သည်။ ယခုအခါ စက်မှုလက်မှုပညာ သင်တန်းကျောင်းများမှ အခြေခံအဆောက်အအုံပညာ၊ လျှပ်စစ်ဂဟေပညာနှင့် စက်ပြင်ပညာရပ် တတ်မြောက်သူ တိုင်းရင်းသားလူငယ်များ ပေါ်ထွက်လာနေပြီ ဖြစ်သည်။

ထို့နည်းတူ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးအတတ်ပညာ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးထားသည်။ အဆိုပါ သင်တန်းကျောင်းများတွင် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အိမ်တွင်းလက်မှုသင်တန်း(ကြိမ်)၊ အိမ်တွင်းလက်မှုသင်တန်း(ဝါး) တို့ကို အခမဲ့သင်ကြားနိုင်ကြပြီ ဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသများအပါအဝင် ဒေသအသီးသီး၌ စက်မှုလက်မှုနှင့် အသက်မွေးမှုပညာသင်တန်းကျောင်းများကို တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ တိုင်းရင်းသားလူငယ်များ စက်မှုစွမ်းရည်မြင့်မား အသက်မွေးမှုပညာရပ်များ တိုးပွားလာကာ ဘဝရပ်တည်နိုင်ရေး အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းရရှိလာနေပြီ ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းအောင်မင်း ရှမ်းပြည်နယ်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းအောင်မင်းသည် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ တောင်ကြီးခရိုင် ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းအောင်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်၊ တောင်ကြီးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးငွေစိုး၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသက်ထွန်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပြန်လည်ဆွေးနွေး**

ဆက်လက်၍ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ ပြန်လည်ဆွေးနွေး ပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စီမံကိန်း၏ လုပ်ငန်းအကောင်အထည်ဖော်မှု သုံးသပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စီမံကိန်း၏ လုပ်ငန်းအကောင်အထည်ဖော်မှု သုံးသပ်ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မီကာဆာဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ကိုယ်စား FAO ၏ နည်းပညာအကူအညီပေးရေးစီမံကိန်း ဦးဆောင်အကြံပေးပညာရှင် Ms. Josie B. Perez က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ရန်ပုံငွေရရှိသုံးစွဲနိုင်မည့် အခြေအနေများကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ FAO ၏ နည်းပညာအကူအညီပေးရေးစီမံကိန်း ဦးဆောင်အကြံပေးပညာရှင် Ms. Josie B. Perez က မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် ရေးဆွဲထားသည့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်မူကြမ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောင်ရွက်ရမည့် နောက်ဆက်တွဲ စာရင်းကောက်ယူခြင်း လုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းရပ်များအတွက် တက်ရောက်လာကြသူများက အဖွဲ့လိုက်ဆွေးနွေးအကြံပြုကြပြီး ပြန်လည်သုံးသပ်၍ ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်အတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဖြစ်ကြသော စံပြဉယျာဉ်ဈေး၊ အမှတ်(၇)ဈေးနှင့် ခိုင်ရွှေဝါဈေး တို့အား စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးနှင့် ဈေးများဌာန ဌာနခွဲမှူး ဦးစိန်ထွန်းနိုင်တို့ ဦးဆောင်သော ဈေးများလုံခြုံမှု စစ်ဆေးရေးအဖွဲ့က ဈေးများလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်ကြစဉ်။ (၅၃)

## ဟင်္သာတ အလက(၃) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ဟင်္သာတ အောက်တိုဘာ ၈**

ဟင်္သာတမြို့ အလက(၃)တွင် ၂၀၀၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဟုန်စံစီခန်းမဆောင်(၂)၌ ကျင်းပမည်ဖြစ်ပါသဖြင့် ဒေါက်တာကြည်စိုး ဖုန်း-၀၉-၅၁၄၄၈၀၃၊ ကိုတင်စိုး (နဝရတ်အထည်ဆိုင်) ဖုန်း-၀၄၄-၂၁၃၆၀၊ မမီးမီးလမင်း ဖုန်း-၀၉-၈၅၈၁၂၅၄၊ မခိုင်အိအိထက်၊ မနဒီလင်း၊ ကိုရဲဝင်းစိုး အမှတ်(၂၄၉) နတ်မော်လမ်း ဖုန်း-၀၉-၈၅၈၀၅၂၂၁၊ ၀၄၄-၂၂၂၅၀နှင့် မတိုးတိုးလှိုင်၊ မထက်ထက်လှိုင် (လားရှိုးစိုက်ပျိုးရေးပစ္စည်းဆိုင်) ဖုန်း-၀၉-၅၂၀၈၂၀၀၊ ၀၉-၅၁၂၄၄၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်က မြတ်သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)



**တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ-ဒေါ်ဒေဝကီးဒေဝီ (သမာဓိ မိသားစု)က ဒေါ်ဒေဝကီးဒေဝီ၏ (၇၂) နှစ်ပြည့် မွေးနေ့ကုသိုလ်အဖြစ် စက်တင်ဘာ ၂၆ ရက်က တောင်ငူမြို့ မွှာရုံ သီလရှင်စာသင်တိုက်ရှိ သီလရှင်အပါး ၆၀ ကျော်တို့အား အရုဏ်ဆွမ်းနှင့် ဖြူးမြို့ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၆၀ ကျော်တို့အား တစ်ရက်စာအကျွေးအမွေးများဖြင့် ကျွေးမွေးလှူဒါန်းရာ အလှူရှင်မိသားစုအား ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးဝင်းနိုင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (၇၇၂)



## (၁၉၈၂-၁၉၈၅) B.V.S ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

၁၉၈၂-၁၉၈၅ခုနှစ် တိမွေးကုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း မြန်မာ့စက်မှု ဆိပ်ကမ်းရှေ့ရှိ Western Park II ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၈)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၈

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ အောက်တိုဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် အာရှ- ဥရောပဆွေးနွေးပွဲ(အေဆမ်) ၏ (၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၇ ရက် ညနေပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။**

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဘရပ်ဆဲလ်မြို့၌ ရောက်ရှိနေစဉ်အတွင်း အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီတွင် ဘရပ်ဆဲလ်မြို့ ဘုရင့်နန်းတော်၌ ကျင်းပသည့် ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ ဘယ်လ်ဂျီယံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင် ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယိဗ်လက်တာမီ၊ ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာဟားမန်း ဗန်ရွန်ပိုင်းနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုဆေးဘာရိုဆိုတို့က ကြိုဆိုနှုတ်ဆက်ကြပြီး ထိပ်သီးအစည်းအဝေး မတိုင်မီ အေဆမ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် နိုင်ငံတော်အကြီးအကဲကိုယ်စား (၈)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဆက်လက်တက်ရောက်ခဲ့သည်။

(၈)ကြိမ်မြောက် အေဆမ်ထိပ်သီး အစည်းအဝေးဖွင့်ပွဲကို အောက်တိုဘာ ၄ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဘရပ်ဆဲလ်မြို့ ဘုရင့်နန်းတော်ရှိ အစည်းအဝေးခန်းမဆောင်ကြီး၌ ကျင်းပခဲ့ရာ အစည်းအဝေးသဘာပတိ ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟားမန်းဗန်ရွန်ပိုင်းက အမှာစကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် (၇)ကြိမ်မြောက် အေဆမ် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ခဲ့သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ အေဆမ်ညှိနှိုင်းရေးမှူးများ အဖြစ် ဆောင်ရွက်လျက်ရှိကြသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဟွန်ဆန်တို့ကလည်း အဖွင့်မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်း၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့အား အေဆမ်အဖွဲ့ဝင် နိုင်ငံသစ်များအဖြစ် ကြိုဆိုခဲ့ကြသည်။

အေဆမ်ထိပ်သီး အစည်းအဝေးသို့ အာရှနှင့် ဥရောပဒေသရှိ အေဆမ်အဖွဲ့ဝင်နိုင်ငံပေါင်း ၄၆ နိုင်ငံမှ နိုင်ငံအကြီးအကဲနှင့် သမ္မတ ၁၀ ဦး၊ ဒုတိယသမ္မတ တစ်ဦး၊ ဝန်ကြီးချုပ် ၂၃ ဦး၊ ဒုတိယဝန်ကြီးချုပ် လေးဦး၊ နိုင်ငံခြားရေးဝန်ကြီး ရှစ်ဦး အပါအဝင် အဆင့်မြင့်ပုဂ္ဂိုလ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဥရောပကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် အေဆမ်ထိပ်သီးအစည်းအဝေး ပထမနေ့ အစီအစဉ်ဖြစ်သည့် ပိုမိုထိရောက်သော ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေးစီမံခန့်ခွဲမှုစနစ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် အေဆမ်အဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များအကြား ကမ္ဘာ့စီးပွားရေး အကျပ်အတည်းမှ ပြန်လည်ထူထောင်လာခါစ အခြေအနေတွင် အဆိုပါ အကျပ်အတည်းမျိုး ပြန်လည်မဖြစ်ပွားစေရေးအတွက် အာရှနှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ယင်းနေ့ ညနေပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ထိပ်သီးအစည်းအဝေး သဘာပတိ ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟားမန်းဗန်ရွန်ပိုင်းက ဘုရင့်နန်းတော်၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။

အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဘုရင့်နန်းတော်၌ ကျင်းပသည့် အေဆမ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာရှ-ဥရောပ စီးပွားရေးဖိုရမ်သို့ တက်ရောက်နေကြသည့် အာရှနှင့် ဥရောပမှ အဆင့်မြင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ တွေ့ဆုံသည့် အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဒုတိယနေ့အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် အေဆမ်အဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊



**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်)၏ (၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။**
(သတင်းစဉ်)

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး၊ လူမှုဘဝမြင့်မားရေးအတွက် အာရှနှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ဝန်ကြီး ဦးဉာဏ်ဝင်းသည် မွန်းလွဲပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင်က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်နေကြသည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား တည်ခင်းသည့် ဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟားမန်း ဗန်ရွန်ပိုင်းက ဘုရင့်နန်းတော်၌ တည်ခင်း ဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာ စားပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။ အဆိုပါ နေ့လယ်စာစားပွဲတွင် ဒေသဆိုင်ရာ အရေးကိစ္စများကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြရာ ဝန်ကြီးက မြန်မာနိုင်ငံတွင် ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများ အပါအဝင် မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ညနေပိုင်းတွင် ဆက်လက်ကျင်းပသည့် အေဆမ်အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံရေးကဏ္ဍ၊ အေဆမ်ဆွေးနွေးပွဲ လုပ်ငန်းစဉ်များကို ပြည်သူလူထုအကြား ပိုမိုသိမြင်လာစေရေးကိစ္စနှင့် အေဆမ်၏ အနာဂတ်ရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။ ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဘုရင့်နန်းတော်၌ တစ်ဆက်တည်းကျင်းပသည့် အေဆမ်ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဘရပ်ဆဲလ်မြို့၌ရှိနေစဉ် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒ အကြီးအကဲ မစ္စ ကက်သလင်းအက်ရှ်တန် ကိုယ်စားလာရောက်တွေ့ဆုံသည့် ပြည်ပဆက်ဆံရေးရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာ စတက်ဖနို ဆန်နီနို ခေါင်းဆောင်သည့် ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့အား မြန်မာကိုယ်စားလှယ်အဖွဲ့ တည်းခိုရာ ဆိုဖိတယ်ဟိုတယ်၌ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ အဆိုပါနေ့တွင်ပင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဟီလ်တန်ဟိုတယ်၌ ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရှားမာမွတ်ကူရေရှီနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်ကျော်နှင့် ဝန်ထမ်းများအား တွေ့ဆုံခဲ့ပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၉-၁၀-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်း သားရိုးရာတေးသံသာ
- ၈း၂၀ ၉။ "ကျော်သွားမှာလား ဖော်စားမှာလား "
- ၈း၃၀ ၁၀။ Local Talent
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၁၀ ၅။ Yan Can Cook
- ၁း၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ" (အပိုင်း-၄၉)**
- ၂း၃၀ ၇။ "မဟော်သဓာ"(အပိုင်း-၃) (အားသစ်၊ ချစ်စရာ၊ မင်းသစ်၊ မင်းဇော်၊ စိန်ပန်း) (ဒါရိုက်တာ-စန္ဒရား သန်းဇော်)
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၁၅ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဧယျာရွှေမြေအသင်း နှင့် မနော‌မြေအသင်း)
- ၅ း၁၅ ၂။ တေးဂီတအစီအစဉ်
- ၅း၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၄၀ ၄။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၆ း၀၀ ၅။ ညနေခင်းသတင်း
- ၆း၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၇။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၈။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၁)**
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ်
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ " (အပိုင်း-၆၄)
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံး မြေဆုံး" (အပိုင်း-၂၅) (ဇာတ်သိမ်း)**
- ၁၆။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၇။ အစီအစဉ်ပြီး၏။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေး ပန်းဘဲတန်းမြို့နယ် မဲရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာတင်အောင်အေးသည် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်အတူ အောက်တိုဘာ ၃ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၅) ရပ်ကွက် အထက(၁)ရှိ မဲရုံအမှတ်(၁)သို့ ရောက်ရှိပြီး ဆန္ဒမဲပေးခန်းများ ပြင်ဆင်ထားရှိမှုနှင့် မဲစာရင်းများ ကြေညာထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းမြင့်က ဆန္ဒမဲပေးခန်းများ ပြင်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာတင်အောင်အေးက စစ်ဆေးတွေ့ရှိချက်များနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

**(အပေါ်ပုံ)** (မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)

## လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က "Myanmar Companies Act: Common misinterpretations in practice" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို အောက်တိုဘာ ၁၁ ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတက်ရောက်ရန်အတွက် အောက်တိုဘာ ၂၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းအမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

ထို့အပြင် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အမှုဆောင်ကော်မတီဝင် ပါမောက္ခ ဦးမော်သန်းက MFRS for SMEs: Section 16 & 17-Workshop ကို အောက်တိုဘာ ၁၇ ရက်၊ ၂၄ ရက်နှင့် နိုဝင်ဘာ၇ ရက်တို့တွင် အမှတ်(၁/၁၉)သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၈

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးမောင်မောင်နီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (NDPD) ရဲ့ ဥက္ကဋ္ဌနှင့် စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမောင်မောင်နီ ဖြစ်ပါတယ်။ ကျွန်တော်ယခုတင်ပြမှာကတော့ NDPD ပါတီ ကိုယ်စား ပါတီရဲ့ မူဝါဒ၊ သဘောထား အကျဉ်းချုပ်နှင့် လုပ်ငန်းစဉ်အချို့ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် သမိုင်းအဆက်ဆက်မှာ ပြည်ထောင်စုဖွား အားလုံး အေးအတူပူအမျှ ဥမကွဲ၊ သိုက်မပျက် အတူတကွ လက်တွဲနေထိုင်ခဲ့ပြီး လူမျိုးမရွေး၊ ဘာသာမရွေး အလွှာအသီးသီးတို့က နယ်ချဲ့တို့ကြောင့် ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေးကို ပြန်လည်ရယူဖို့ တိုက်ပွဲဝင်ခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာလည်း ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်ဖို့ ပြည်ထောင်စုဖွားအားလုံး ကြိုးပမ်းခဲ့ကြတယ်။

ယခုလည်းပဲ ပြည်ထောင်စုဖွား ပြည်သူပြည်သားအားလုံးက ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရန် ဆန္ဒပြုထားသည့်အတိုင်းပဲ ကျွန်ုပ်တို့ပါတီအနေဖြင့်လည်း ဒီမွန်မြတ်တဲ့ ဆန္ဒကို အကောင်အထည်ဖော်ဖို့၊ ကြိုးပမ်းဆောင်ရွက်ဖို့ ဖွဲ့စည်းရခြင်း ဖြစ်ပါတယ်။

**ဒီမိုကရေစီမြတ်နိုးတဲ့ မိဘပြည်သူများခင်ဗျား-**

ကျွန်တော် ယခုတင်ပြမှာကတော့ ပါတီရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ပြည်ထောင်စုဖွားလူမျိုးအားလုံး လူမျိုး ဘာသာ၊ ဒေသအဆင့်အတန်း ခွဲခြားမှုမရှိဘဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုတဲ့ မြန်မာ့လူ့ဘောင်သစ်တစ်ရပ် ဖော်ဆောင်ပြီး ထာဝစဉ် တည်တံ့နိုင်ရေးအတွက် ပါတီ အနေဖြင့် ဦးတည်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါတယ်။

ဒ့ါအပြင် ပြည်ထောင်စုဖွားအားလုံး အချင်းချင်း မလိုမုန်းတီးဖြစ်ပေါ်စေသည့် ပယောဂများ၊ ဖန်တီးမှုများ ချုပ်ငြိမ်းစေပြီး အတူတကွ လက်တွဲနေထိုင်ခဲ့သည့် အစဉ်အလာရှိသည့်အတိုင်း စိတ်ညီ၊ လက်ညီ၊ ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စု ကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြုစုပျိုးထောင်သွား ရန်လည်း ရည်ရွယ်ပါတယ်။

ပြည်ထောင်စုကြီး စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာကို မထိခိုက် သည့် ငြိမ်းချမ်းရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ပါဝင် ဆောင်ရွက်ရန် ပါတီအနေဖြင့် ရည်ရွယ်ပါတယ်။

ဖော်ဆောင်ပြီးတဲ့ နိုင်ငံတော်သစ်နှင့် မြန်မာ့လူ့ဘောင်သစ်ကို ပြည်ထောင်စု ဖွား အားလုံးနှင့်အတူ ညီညီညွတ်ညွတ်ဖြင့် အစဉ်ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ပြုစုပျိုးထောင်သွားဖို့လည်း ဒီပါတီအနေနဲ့ ရည်ရွယ်ထားပါတယ်။

ပြည်ထောင်စုဖွား လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုမှု၊ ချစ်ကြည်လေးစားမှုနှင့် စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု ရရှိကြစေရေးနဲ့ နားလည်မှု တည်ဆောက်ရေးကိုလည်း ကျွန်တော်တို့ပါတီ အနေနဲ့ ရည်ရွယ်ထားပါတယ်။

**လေးစားအပ်တဲ့ သောတရှင် မိဘပြည်သူများခင်ဗျား-**

အထက်ပါရည်ရွယ်ချက်များ အောင်မြင်နိုင်ရေးအတွက် အောက်ပါ နိုင်ငံရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်-

နိုင်ငံသားတိုင်း စည်းကမ်းပြည့်ဝသည့် မြန်မာ့လူ့ဘောင်နဲ့ ကိုက်ညီမယ့် ဆင့်ကဲဆင့်ကဲ ဒီမိုကရေစီဖော်ဆောင်ရေးကို ချစ်မြတ်နိုး၍ အစဉ်လေးစား လိုက်နာရန် စည်းရုံးသွားမည်။

မြန်မာ့လူ့ဘောင်အတွက် အကျိုးမပြုတဲ့ အတွေးအခေါ် အယူအဆများ ပပျောက်ချုပ်ငြိမ်းအောင် ပညာပေးစည်းရုံးသွားမည်။

မည်သည့်အကြမ်းဖက်ဝါဒနှင့် အခြားလက်ဝဲ၊လက်ယာ အစွန်းရောက်သည့် ဝါဒမျိုးကိုမဆို အစဉ်အမြဲ ဆန့်ကျင်သွားမည်။

လောကပါလတရားကို အခြေပြုသည့် မြန်မာ့လူ့ဘောင်သစ်ကို အစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ပြည်ထောင်စုဖွား လူမျိုးပေါင်းစုံ၊ အလွှာ အသီးသီးတို့နှင့် တွေ့ဆုံဆွေးနွေးရေး၊ အပြန်အလှန် ချစ်ကြည်မှုတည်ဆောက် ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

ရွေးကောက်ပွဲမှာ မိမိတို့ပါတီနှင့် ပူးပေါင်းဆောင်ရွက်လိုသော (သို့) အားပေး ကူညီသောပါတီများ၏ ကိုယ်စားလှယ်လောင်းများကို အားပေးကူညီသွားမည်။

တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမည်စာရင်း တင်သွင်းသည့် တပ်မတော်ကိုယ်စားလှယ်များနဲ့ ပူးပေါင်းပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သွားမည်။

ပြည်ထောင်စုဖွားလူမျိုးအားလုံး၊ လူမျိုးဘာသာအဆင့်အတန်းခွဲခြားမှု မရှိသော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်းနဲ့ ပြည့်စုံသည့် မြန်မာ့ လူ့ဘောင်သစ်တစ်ရပ်ကို ဖော်ဆောင်သွားမည်။

ပြည်ထောင်စုဖွား ပြည်သူပြည်သားအားလုံး ပြည်ထောင်စု တစ်ဝန်းလုံးတွင် လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှား အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးကို ဆောင် ရွက်သွားမည်။

**လေးစားအပ်တဲ့ သောတရှင် မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတော့ နိုင်ငံခြားရေးမူဝါဒကို တင်ပြမှာဖြစ်ပါတယ်-

တစ်နိုင်ငံနဲ့တစ်နိုင်ငံ(အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်) အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက် မစွက်ဖက်ရေးကို အခြေခံတဲ့ ဘက်မလိုက်ပေါ်လစီကို ကျင့်သုံးမည်။

ပညာရေးကဏ္ဍကို တင်ပြရမယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည် အသွေးမြင့်တဲ့ ပညာရေးဟာ အဓိကပဲ။ လူတစ်ဦးချင်းရဲ့ ပညာအရည်အသွေးတွေ မြှင့်တင်ပေးဖို့ လိုပါတယ်။ ဒါကြောင့် Teacher Oriented System ကနေ Student Oriented System ဖော်ဆောင်ကြိုးပမ်းအားထုတ်သွားပါမယ်။ အခြေခံ ပညာကို မသင်မနေရ ပြဋ္ဌာန်းသွားမယ်။ နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ခေတ်မီ ဘက်စုံပညာရေးထွန်းကားအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီးပွားရေးကဏ္ဍကို တင်ပြရမယ်ဆိုရင် ပြိုင်ဆိုင်မှုရှိတဲ့ ဈေးကွက် စီးပွားရေးစနစ်ကို အားပေးသွားပါမယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ များစွာ အရေးပါပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် "လွတ်လပ်သော အမျိုးသားစီးပွားရေးမူဝါဒ" ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားပါမယ်။ အခြေခံမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင် Joint Venture တို့ကို ဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင် ဆွဲဆောင်စည်းရုံးသွားပါမယ်။ လိုအပ်ချက်များကို ပြည်သူပြည်သားအားလုံး တန်းတူ ခံစားနိုင်အောင် ဆောင်ရွက်သွားပါမယ်။ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်း များ၊ ပုဂ္ဂလိကဆေးရုံများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားပါမယ်။ Health Insurance System တစ်ခု ရေးဆွဲပြဋ္ဌာန်းပြီး စွမ်းဆောင်အကောင် အထည်ဖော်သွားပါမယ်။

လယ်ယာကဏ္ဍကိုတင်ပြရရင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးတက်ပြောင်းလဲနိုင်ရန် ကူညီပံ့ပိုးသွားပါမယ်။ လယ်ယာထွက်ကုန်ရောင်းချနိုင် ရေးအတွက် ဈေးကွက်ဖန်တီးပေးပါမယ်။ လယ်ယာလုပ်ကိုင်နိုင်သူ လယ်လုပ် ပိုင်ခွင့် ရရှိစေရပါမယ်။

အလုပ်သမားထုတစ်ရပ်လုံးအတွက်လည်း Social Insurance System တစ်ခုရေးဆွဲပြီး အလုပ်သမားတစ်ရပ်လုံး၏ အခြေခံအခွင့်အရေးများကို အပြည့် အဝ ခံစားနိုင်အောင် စွမ်းဆောင် အကောင်အထည်ဖော်သွားပါမယ်။

ပြည်သူလူထု စားဝတ်နေရေးနဲ့ပတ်သက်ပြီး တင်ပြရရင် အခြေခံစားကုန်၊ သောက်ကုန်တွေ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ ပြည်တွင်းဖူလုံရေးကို အဓိကထား ဆောင်ရွက်သွားပါမယ်။ တစ်ဖက်တစ်လမ်းမှ ပို့ကုန်မြှင့်တင်ရေးကို အခြေပြုတဲ့ စီးပွားရေးလုပ်ငန်းကိုလည်း ဆောင်ရွက်သွားပါမယ်။

နိုင်ငံ့ဝန်ထမ်းများအရေးနဲ့ပတ်သက်ပြီး ဝန်ထမ်းများ၏ လုပ်ခ/လစာကို ခေတ် ကာလနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ ဖူလုံရေးကို အဓိကထားပြီး သတ်မှတ် ဆောင်ရွက်ပေးပါမယ်။ ဒ့ါအပြင် အငြိမ်းစားဝန်ထမ်းများအတွက်လည်း မှီခိုမှု ကင်းမဲ့ပြီး စားဝတ်နေရေး ဖူလုံလောက်ငသော အငြိမ်းစားလစာများကို ချီးမြှင့် ပေးသွားပါမယ်။

လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး တင်ပြရရင် လူမှုရေးတရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှုရှိစေရပါမယ်။ အခြေခံဥပဒေနဲ့အညီ လွတ်လပ်စွာ ရေးသားပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်၊ လွတ်လပ်စွာ ဝမ်းစာရှာပိုင်ခွင့်၊ နိုင်ငံတော်အတွင်း လွတ်လပ်စွာ နေထိုင်ခွင့် ရှိစေရပါမယ်။

မျိုးဆက်သစ်လူငယ်များအရေးနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြရရင် လူငယ် များဟာ နောင်အနာဂတ်မှာ တိုင်းပြည်ရဲ့သားကောင်းရတနာများဖြစ်ကြတဲ့ အားလျော်စွာ နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လုပ်သားကောင်းများဖြစ်အောင် ပြုစုပျိုး ထောင်သွားပါမယ်။ ဒ့ါကြောင့် လူငယ် များကို မိမိတတ်ကျွမ်းသည့် ပညာနဲ့ အညီ ထူးချွန်မှုအလိုက် ပြည်ပသို့သွား ရောက် အလုပ်လုပ်ကိုင်ခွင့်၊ ပညာသင် ကြားခွင့် ပေးပါမယ်။ တစ်ဖက်မှာ လည်း လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနဲ့ နိုင်ငံတကာ ရေးရာများအပေါ် အမြင်ကျယ်ရေးကို ပြုစုပျိုးထောင်ပေးပါမယ်။

တပ်မတော်ကဏ္ဍကို တင်ပြရရင် တပ်မတော်သည် အစဉ်အလာကြီးမား ခဲ့သော မျိုးချစ်တပ်မတော်အဖြစ် ရပ်တည်လျက် အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတပ်မတော်အဖြစ် ရပ်တည်ခွင့်ရရှိစေရ ပါမယ်။

စာပေယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်-

ပြည်ထောင်စုဖွားလူမျိုးအားလုံး၏ စာပေ၊ ဘာသာစကား၊ ဓလေ့ ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရင်း တစ်ဖက်မှာလည်း ဖွံ့ဖြိုးမှုလုပ်ငန်းများကို အားပေးကူညီသွားမည်။ အလုပ်လက်မဲ့ ဖြစ်နေသူများအတွက် အလုပ်အကိုင်ရရှိစေရန် နိုင်ငံတော်ဘဏ္ဍာငွေထဲမှ လိုအပ် သလိုသုံးစွဲပြီး အလုပ်အကိုင်ဖန်တီးပေးခြင်း၊ မိဘမဲ့ကလေးများအား ကူညီစောင့် ရှောက်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားရိပ်သာများ တည်ဆောက်ပေး ခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် လမ်းပန်းဆက်သွယ်ရေးပေါ် မူတည်သည့်အလျောက် တစ်နိုင်ငံလုံး လမ်းပန်းဆက်သွယ်ရေး လွယ်ကူအောင် လိုအပ်သလို ဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၏ ဆောင်ပုဒ်တွေကတော့-

(၁) ပြည်ထောင်စုဖွား၊ ပြည်သူများ
ဘာသာလူမျိုး၊ မခွဲခြား
တန်းတူခွင့်ရေး၊ ရစေသား

(၂) ပြည်သူများအတွက်
လိုအပ်လာပြီ၊ ဒီမိုကရေစီ
ညီနောင်များအတွက်
ပေါ်ထွက်လာပြီ၊ NDPD

(၃) အမျိုးသားတိုင်း ဒီမိုကရေစီရရှိရေးသည်. . . . ပထမ
အမျိုးသားငြိမ်းချမ်းရေးသည်. . . . . . . . . . အဓိက
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးသည်. . . . . . . . ပဓာန

(၄) အမျိုးသားရေးရာဆောင်ရွက်ဖို့
NDPD ဝင်ကြစို့။

(၅) မြန်ပြည်တစ်လွှား၊ ကျင်းပတော့မည်
ပါတီစုံညီ၊ ဒီမိုကရေစီ
အမျိုးသားတို့၊ ရွေးချယ်သင့်ပြီ
မဲတစ်ပြားနှင့် NDPD

တို့ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

နိဂုံးချုပ်တင်ပြရရင် ကျွန်တော်တို့ပါတီဟာ လွှတ်တော်ကိုယ်စားလှယ် လောင်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှာ (၃)နေရာ၊ ပန်းဘဲတန်းမြို့နယ်မှာ (၂)နေရာ၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှာ(၅)နေရာ၊ ဘူးသီးတောင်မြို့နယ်မှာ (၄)နေရာ၊ စစ်တွေမြို့နယ်မှာ (၃)နေရာ၊ ကျောက်တော် မြို့နယ်မှာ(၄)နေရာနှင့် မြောက်ဦးမြို့နယ်မှာ(၁)နေရာတို့ကို စာအုပ်ကလောင် တံဆိပ်ဖြင့် အရွေးခံမှာဖြစ်ပါတယ်။ လာမည့်၂၀၁၀ခုနှစ် နိုဝင်ဘာလ ၇ရက်မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးဟာ မိမိတို့ရဲ့ မဲတစ်ပြားနဲ့ မိမိတို့လိုလားတောင့်တနေတဲ့ ဒီမိုကရေစီစနစ်၊ မိမိတို့လိုချင်တဲ့ အခွင့်အရေး၊ မိမိတို့ဆောင်ရွက်လိုတဲ့ အမျိုးသားရေးတို့ကို ဆောင်ရွက်ခွင့်ရမှာ ဖြစ်တဲ့အတွက် ဒီမဲတစ်ပြားကို တန်ဖိုးရှိရှိသုံးတတ်ဖို့ အရေးကြီးလာပါတယ်။ မိမိရဲ့မဲတစ်ပြားတန်ဖိုးကို သိရှိနားလည်ပြီး လာရောက်မဲထည့်ကြဖို့လည်း မှာကြား လိုပါတယ်။

ပြည်သူတို့အနေဖြင့် ဝေဖန်သုံးသပ်ပြီး လူမျိုးဘာသာခွဲခြားမှုမရှိဘဲ တန်းတူ အခွင့်အရေးရအောင် ကြိုးပမ်းဆောင်ရွက်မယ့် ဒီမိုကရေစီလိုလားတဲ့ ကျွန်တော် တို့ပါတီ၏ ပြည်သူ့ကိုယ်စားလှယ်လောင်းများကို အားပေးထောက်ခံပေးကြပါ။ မိမိတို့၏ မဲတစ်ပြားနဲ့ စာအုပ်ကလောင်တံဆိပ် NDPD ကို အမှန်ခြစ်ရွေးချယ် သင့်ပြီ။ အမျိုးသားရေးဆောင်ရွက်ဖို့ စာအုပ်ကလောင်တံဆိပ်ကို မဲထည့်ကြပါစို့လို့ ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

သောတရှင်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေ။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-**

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဖြစ်ပါတယ်။

ပြည်သူအားလုံးရဲ့ဆန္ဒဟာ အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွေကို ရယူခံစားလိုကြခြင်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ ဘဝတစ်လျှောက်လုံး အေးချမ်းသာယာစွာနဲ့ ပြည့်စုံချမ်းမြေ့စွာ နေထိုင်လိုကြပါတယ်။ ပြည်သူများရဲ့ လိုအင်ဆန္ဒအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်စေဖို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ပြည်သူများအကျွမ်းတဝင်ဖြစ်ပြီးသားဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမွေခံအခြေပြုပြီး ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟာ နိုင်ငံတော်ရဲ့ ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံပါဝင်တဲ့ အမျိုးသားရေးအင်အားစုကြီး ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့ပြည်သူများ ရပြီး၊ ရှိပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေကို လျော့နည်းဆုံးရှုံးမှု မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပြည်သူများနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ပါတီဟာ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထာဝစဉ်ရပ်တည်နိုင်ရေး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဘဝလုံခြုံရေး၊ စားဝတ်နေရေးနဲ့ လူမှုရေးလိုအပ်ချက်များပြည့်စုံရေး၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများရရှိရေးအတွက် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဝင်များဟာ ပြည်သူထဲက ပြည်သူများဖြစ်ကြတဲ့အတိုင်း ပါတီရဲ့ ရည်မှန်းချက်ဟာလည်း ပြည်သူများရဲ့ဆန္ဒနဲ့ ထပ်တူထပ်မျှဖြစ်တဲ့ "အေးချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးနှင့် အဓွန့်ရှည်တိုးတက် တည်တံ့ခိုင်မြဲရေး"ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟာ ပြည်သူများရဲ့ တူညီတဲ့ဆန္ဒကို အောင်မြင်စွာ အကောင်အထည်ဖော်ဖို့ မျှော်မှန်းပြီး ပကတိအခြေအနေနဲ့ကိုက်ညီတဲ့ မူဝါဒတွေကိုလည်း ချမှတ်ထားပါတယ်။

အမျိုးသားရေး မူဝါဒအနေနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ထားမှာ ဖြစ်ပါတယ်။

အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံရေးမူဝါဒ၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့ စီးပွားရေးမူဝါဒ၊ လွတ်လပ်၍ တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒတို့ကို ဖော်ဆောင်ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို ပြည်တွင်းပြည်ပအန္တရာယ်တွေက အပြည့်အဝကာကွယ်နိုင်ဖို့ကိုလည်း ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့အညီ ပြည်သူများရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်များကိုလည်း အာမခံ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားပြီး အခြေခံဥပဒေနဲ့အညီ တိုင်းရင်းသားအားလုံးရဲ့ အခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားမှာဖြစ်ပြီး အခြေခံဥပဒေနှင့်အညီ အလုပ်သမားများရဲ့ အခွင့်အရေးများ အပြည့်အဝရရှိအောင်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ပါတီအနေနဲ့ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အာမခံမှာဖြစ်ပါတယ်။ ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာအဆင့်မီ မြင့်မားအောင် ဆောင်ရွက်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာစေရေး၊ အမျိုးသားယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ရေးအတွက်လည်း မူဝါဒများ ချမှတ်ထားပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ အခြေခံသဘောထားအချို့ကို တင်ပြရရင် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ်ရောက်ဖို့ စက်မှုနိုင်ငံထူထောင်ရမှာ ဖြစ်ပါတယ်။ ဒီနေ့ ရရှိနေတဲ့ စိုက်ပျိုးရေးအခြေခံကောင်းတွေကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ် ထူထောင်သွားနိုင်ရေး ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ပြည်တွင်းရေးပြဿနာတွေကို ပြည်တွင်းမှာပဲ ဖြေရှင်းသွားမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး အပြန်အလှန်အကျိုးရှိစေတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသတွေမှာရှိကြတဲ့ တိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးအတွက် သယ်ပိုးဆောင်ရွက်ရာမှာ တရားဝင် ဖွဲ့စည်းထားတဲ့ ပါတီများနှင့် လူပုဂ္ဂိုလ်များကိုလည်း လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကျိုးနှင့် ယှဉ်လာပါက ပါတီရဲ့ အကျိုးကို စွန့်လွှတ်မှာဖြစ်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အသက်ကိုပင် စွန့်လွှတ်သွားမည်လို့ ခံယူထားပါတယ်။



**မိဘပြည်သူများခင်ဗျား-**

တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်၊ အမျိုးသမီး၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်၊ ပြည်သူ့ဝန်ထမ်းစတဲ့ အလွှာ အသီးသီး၊ လူထုလူတန်းစား အသီးသီးက ပြည်သူအားလုံးဟာ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးမှာ ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်နေကြတဲ့ အရေးပါတဲ့ အင်အားစုများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ခံယူထားပါတယ်။

မကြာမီ ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ မိဘပြည်သူများအနေနဲ့ မိမိတို့ဒေသရဲ့အကျိုး၊ မိမိတို့ပြည်သူတွေရဲ့ အကျိုးကို အမှန်တကယ်သယ်ပိုးနိုင်တဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ကြရမှာ ဖြစ်ပါတယ်။ ရွေးချယ်တဲ့ကိုယ်စားလှယ်များဟာ ဒေသရဲ့အကျိုး၊ ပြည်သူများရဲ့ အကျိုးကို အမှန်တကယ် ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်၊ အမှန်တကယ် ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်၊ အမှန်တကယ် ဆောင်ရွက်နိုင်စွမ်းရှိတဲ့ပုဂ္ဂိုလ်၊ အမှန်တကယ် ဆောင်ရွက်မည့်ပုဂ္ဂိုလ်တွေကို မှန်ကန်စွာ ရွေးချယ်နိုင်မှသာ အကျိုးရှိမှာဖြစ်ပါတယ်။ မိမိတို့ဒေသရဲ့ အကျိုး၊ မိမိတို့နိုင်ငံရဲ့ အကျိုး၊ မိမိတို့ ပြည်သူများရဲ့ အကျိုးကို ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်လိုပုဂ္ဂိုလ်တွေက အပြောနဲ့မဟုတ်ဘဲ လက်တွေ့ဆောင်ရွက်ပေးနေတယ်ဆိုတာ အသိနဲ့ယှဉ်၊ သတိနဲ့ဆင်ခြင်စဉ်းစားပြီး ရွေးချယ်ကြရတော့မှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟာ (၁၇)နှစ်နီးပါး ပြည်သူများရဲ့အကျိုးကို ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမွေခံအခြေပြုပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ အကျိုးရှိတဲ့ လုပ်ဆောင်ချက်အားလုံးကို ပြည့်စုံအောင်ဆောင်ရွက်နိုင်ခဲ့တယ်လို့ မဆိုနိုင်ပေမယ့် အကျိုးရှိတဲ့၊ ကောင်းတဲ့ လုပ်ဆောင်ချက် အများဆုံးဖြစ်အောင် ဆောင်ရွက်နိုင်တဲ့ပါတီအဖွဲ့အစည်းဖြစ်ပါတယ်။ ပါတီအနေနဲ့ ပြည်သူတွေရဲ့ အကျိုးကို ထိရောက်စွာ သယ်ပိုးနိုင်တဲ့ ပြည်သူ့ကိုယ်စားလှယ်ကောင်းတွေကိုလည်း စိစစ်ရွေးချယ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးကို လက်တွေ့အလုပ်နဲ့ သယ်ပိုးဆောင်ရွက်ကြမည့် ပါတီရဲ့ကိုယ်စားလှယ်ကောင်းတွေအပေါ် ပြည်သူများရဲ့ **"အသည်းကြားက မဲတစ်ပြား"**ကို ဦးနှောက်နဲ့ ဆင်ခြင်စဉ်းစားပြီး မဲပေးခြင်းဖြင့် ရွေးချယ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

ပြည်သူများရဲ့ လိုအင်ဆန္ဒများ အောင်မြင်ပြည့်ဝကြပါစေ။

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(စနေနေ့-နံနက်-နေ့လယ်-ည) ၉-၁၀-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ (တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ တရားတော် ခန္ဓသုတ် နှင့် ဂုဏ်တော်ကွန်ချာ)
မမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (စကားကိုကောင်းစွာပြောဆိုအပ်၏)
တေးပဒေသာ
၈း၄၀ ဘဝအသွင်ကဗျာ့အမြင် (မေတ္တာရောင်ပြန်)
တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ ရင်ခုန်စီးဆင်း
အနုပညာသတင်း (၁၁)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-ကြောင်လျှာအခါးကောင်း၍ မိကျောင်းလျှာမရှိ)
၁၁း၂၀ အာဆီယံအစီအစဉ်
နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (မိုးကောင်းကင်ကို သက်သေတည်၍)
တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ဝါစိုက်ခြင်းမှသည် ချည်ခင်ဖြစ်သည်အထိ)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ် (အထက်တန်း-စိတ်ကြိုက်မြန်မာစာ)
တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ လေလှိုင်းကြားကပွဲတင်သံ
၅း၁၅ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ခေတ်မရွေးသောတေးများ
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅ ချိုချစ်ဖွယ်
အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း
နိုင်ငံရေးဦးတည်ချက်
၇း၁၀ တေးပဒေသာ
၇း၁၅ ရေဒီယိုအတိုတ်တေးအရိပ်
၇း၃၀ ကျန်းမာရေးသိကောင်းစရာ (အသည်းရောင်အသားဝါဘီပိုးနှင့် စီပိုးများကာကွယ်ခြင်း)
တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၁၅ -နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
၈း၃၀ သံစဉ်တေးသွားမေတ္တာစကား
စီးပွားရေးဦးတည်ချက်
၈း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀ Radio Internet
၉း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၉-၁၀-၂၀၁၀(စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ လေးမြတ်စွာပူဇော် မကွေးဆရာတော် (အပိုင်း-၄)
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၇။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၈။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၉။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၁၁း၃၀ ၅။ **ကာတွန်းအစီအစဉ် - အမွှာစုံထောက် (အပိုင်း-၄၅)**
၁၂း၀၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -ရင်ခုန်ရဲတိုက် (ကျော်ရဲအောင်၊ ခိုင်သင်းကြည်) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
၁း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
၂း၀၀ ၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၄)**
၂း၅၅ ၉။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၀။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၄၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ စားဖိုဆောင်ချစ်သူ
၇း၀၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၅)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ အမျိုးသားရေးတေးကဗျာ
၁၄။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ လူ့ရှင်တော်စတား
၁၈။ အင်္ဂလိပ်စာသုတ
၁၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၄)**
၂၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၂)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

နိုင်ငံတကာသတင်းများ　　　　နိုင်ငံတကာသတင်းများ

# မိမိပိုင်နယ်မြေအတွင်း ကျူးကျော်လာသူ ပြည်ပတပ်ဖွဲ့ဝင်များကို လက်တုံ့ပြန်တိုက်ခိုက်မည်ဟု ပါကစ္စတန်တပ်မှူးများ သတိပေး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၈**-အနာဂတ်ကာလတွင် မိမိတို့၏ ပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ပြည်ပတပ်ဖွဲ့ဝင်များကို လက်တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်တပ်မှူးများက အောက်တိုဘာ ၈ ရက်တွင် သတိပေးပြောကြားလိုက်ကြသည်။

ပါကစ္စတန်ကြည်းတပ် တပ်မှူးများ၏ ညီလာခံတွင် အထက်ပါအတိုင်း သတိပေးခြင်းဖြစ်သည်။ နယ်စပ်ဒေသတွင် တစ်ဖက်နိုင်ငံ၏ နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်သည့်ပြဿနာကို ပါကစ္စတန်တပ်မှူးများက ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ညီလာခံတွင် သဘာပတိအဖြစ် ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးအက်ရှ်ဖာပါဗက်ဇ်ကာယာနီက ဆောင်ရွက်သည်။

မကြာသေးမီက ပါကစ္စတန်နယ်စပ်ဒေသ၌ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့မှုနှင့် စပ်လျဉ်းနေသော နောက်ဆက်တွဲ အရှုပ်အထွေးများ၊ နယ်စပ်ဒေသလုံခြုံရေးအခြေအနေ စသည့်အကြောင်းရပ်များကို ပါကစ္စတန်စစ်ဌာနချုပ်၌ ကျင်းပရာ ညီလာခံတွင် ဆွေးနွေးခဲ့ကြသည်။ ပါကစ္စတန်စစ်တပ်သည် မိမိ၏ နယ်စပ်ဒေသ၌ စစ်သွေးကြွများနှင့် ရင်ဆိုင်နိုင်စွမ်းရှိကြောင်း၊ ပြည်ပတပ်ဖွဲ့ဝင်များက မိမိတို့၏ နယ်စပ်ဒေသပိုင်နက် နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ စစ်သွေးကြွများကို လိုက်လံချေမှုန်းတိုက်ခိုက်မှုကို လက်ခံနိုင်မည်မဟုတ်ကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

အနာဂတ်ကာလတွင် နယ်စပ်ဒေသ ပိုင်နက်ချိုးဖောက်မှုကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း တပ်မှူးများက ပြောကြားကြသည်။

ပါကစ္စတန်နယ်စပ်ဒေသ ပိုင်နက်နယ်မြေချိုးဖောက်ခံရမှုကိစ္စနှင့် ပတ်သက်၍ နေတိုးတပ်မှူးများနှင့် လည်းကောင်း၊ အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီနှင့် လည်းကောင်း ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်ခေါင်းဆောင်များက ပြောကြားကြသည်။ **အမ်အင်အေ၊ရိုက်တာ။**



# ဆိုယုဇ်အာကာသယာဉ် အောင်မြင်စွာလွှတ်တင်

**ဘိုင်ကိုနော အောက်တိုဘာ ၈**

နိုင်ငံတကာအာကာသစခန်းယာဉ်သို့ သွားရောက်မည့် အမေရိကန် အာကာသယာဉ်မှူးတစ်ဦးနှင့် ရုရှား အာကာသယာဉ်မှူးနှစ်ဦးတို့ကို တင်ဆောင်ထားသည့် ရုရှားနိုင်ငံ၏ ဆိုယုဇ် တီအမ် အေ-၀၁ အမ် ဒုံးယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနောအာကာသစခန်းမှ ယနေ့အောင်မြင်စွာ ပစ်လွှတ်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီမှ အာကာသလွန်းပြန်ယာဉ်အုပ်စု ပျံသန်းမှု သက်တမ်းကုန်ဆုံးပါက နိုင်ငံတကာအာကာသစခန်းယာဉ်ရှိ အာကာသယာဉ်မှူးခြောက်ဦးကို ကူညီနိုင်ရန် ပျံသန်းမှုနှုန်း နှစ်ဆမြှင့်တင်ပျံသန်းနိုင်ရေးအတွက် ဆိုယုဇ် တီအမ်အေ-၀၁ အမ် ဒုံးယာဉ်ကို ပြင်ဆင်တည်ဆောက်ထားသည်။

အမေရိကန်၊ ရုရှား၊ ကနေဒါ၊ ဂျပန်နှင့် ဥရောပ အာကာသအေဂျင်စီ အဖွဲ့ဝင် နိုင်ငံ ၁၈ နိုင်ငံမှ မော်ဂျူး ၁၀ ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံတကာအာကာသစခန်းယာဉ်သည် ၎င်း၏ သက်တမ်း ၁၀ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို လာမည့်နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**အေပီ။**





မိုဂါဒစ်ရှူး မြို့အတွင်း ကင်းလှည့်နေသော အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့၏ တင့်ကားတစ်စီး။

# အင်တာနက်သုံးစွဲမှုနှုန်း မြင့်မားအောင် တရုတ်တောင်သူဦးကြီးများ စွမ်းဆောင်

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံတွင် အင်တာနက်သုံးစွဲသူဦးရေ တိုးတက်မှုကို ဖြစ်ပေါ်စေသော အကြောင်းတရားတစ်ရပ်မှာ တောင်သူဦးကြီးများ အင်တာနက်အသုံးပြုသည့် အလေ့အထ ရင့်သန်လာခြင်းကြောင့် ဖြစ်ကြောင်း၊တရုတ်နိုင်ငံ၏ ကျေးလက်ဒေသများ၌ အင်တာနက်သုံးစွဲမှုနှုန်းသည် လွန်ခဲ့သည့် သုံးနှစ်တာကာလတွင် ၇၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကျေးလက်ဒေသများ၌ အင်တာနက်ချိတ်ဆက်မှုမှာ မြို့ပြဒေသများထက် နှစ်ဆတိုးပွားလာကြောင်းလေ့လာချက်တစ်ရပ်အရ သိရသည်။

တရုတ်ကျေးလက်ဒေသများ၌ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အင်တာနက်သုံးစွဲမှုနှုန်း အလွန်အမင်း တိုးတက်လာခဲ့ပြီး ၂၀၀၉ ခုနှစ်စာရင်းအရ ကျေးလက်ပြည်သူ သန်း ၁၀၀ ခန့်သည် အင်တာနက်သုံးစွဲသည်ဟု ဘလူးပေပါအမည်ရှိ ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီ၏ လေ့လာချက်တွင်ဖော်ပြသည်။

ဘလူးပေပါ ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ အင်တာနက်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ဆန်းစစ်လေ့လာနေဆဲဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပြီး အင်တာနက်သုံးစွဲသူဦးရေသည် သန်း ၄၂၀ ကို ကျော်လွန်သွားပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**



# မိုဂါဒစ်ရှူးမြို့၏ ၅၀ ရာခိုင်နှုန်းကျော်ကို အာဖရိကသမဂ္ဂ ယခုလကုန်တွင် ထိန်းချုပ်နိုင်ဖွယ်ရှိ

**မိုဂါဒစ်ရှူး အောက်တိုဘာ ၈**-ခုခံရေးစစ်စရိတ်ကြီးမြင့်လာမှုနှင့်အတူ အစ္စလာမ္မစ်စစ်သွေးကြွသူပုန်များ အားနည်းလာခြင်းကြောင့် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များသည် ဆိုမာလီနိုင်ငံမိုဂါဒစ်ရှူးမြို့၏ ထက်ဝက်ကို ယခုနှစ် အောက်တိုဘာလကုန်ပိုင်းတွင် ထိန်းချုပ်နိုင်ဖွယ်ရှိကြောင်း ဆိုမာလီနိုင်ငံဆိုင်ရာ အာဖရိကသမဂ္ဂသံကိုယ်စားလှယ်က အောက်တိုဘာ ၇ရက်တွင် ပြောကြားသည်။

**ချဲ့ထွင်သိမ်းပိုက်**

ယူဂန္ဒာနှင့် ဘူရွန်ဒီနိုင်ငံများမှတပ်ဖွဲ့ဝင်များကို ထပ်မံဖြည့်ဆည်းခဲ့ခြင်းကြောင့် အင်အား ၇၂၀၀အထိရှိလာသော အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များသည် အစ္စလာမ္မစ်စစ်သွေးကြွများ သိမ်းပိုက်ထားရာနယ်မြေများကို နေ့စဉ်နှင့်အမျှ ချဲ့ထွင်သိမ်းပိုက်ခဲ့ပြီး စစ်သွေးကြွများကို မိုဂါဒစ်ရှူးမြို့ပြင်ဒေသများသို့ ဆုတ်ခွာရန် ဖိအားပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များသည် မိုဂါဒစ်ရှူးမြို့တော်၏ ၄၀ ရာခိုင်နှုန်းကျော်ကို သိမ်းပိုက်နိုင်ပြီးဖြစ်၍ လက်ရှိအခြေအနေကိုဆက်လက်ထိန်းသိမ်းထားနိုင်ပါက အောက်တိုဘာလမကုန်မီမြို့တော်၏ ၅၀ရာခိုင်နှုန်းကျော်ကို ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဆိုမာလီဆိုင်ရာ အာဖရိကသမဂ္ဂကိုယ်စားလှယ်ကပြောကြားသည်။

အာဖရိကသမဂ္ဂကထိန်းချုပ်နိုင်ခဲ့သော မိုဂါဒစ်ရှူးမြို့အစိတ်အပိုင်းများတွင် စစ်သွေးကြွများ၏အန္တရာယ်ကို ထည့်သွင်းစဉ်းစားရဖွယ်ရှိသော်လည်း ဒေသခံများအနေဖြင့် အသိအမှတ်ပြုဖွယ်ငြိမ်းချမ်းရေးနှင့် လွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

# ဂျူးအိမ်ရာပြဿနာ ပြေလည်ရေး အစ္စရေး လုပ်ဆောင်ဖွယ်ရှိ

**ဂျေရုဆလင် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ ကြားဝင်စေ့စပ်သည့် အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားစေရန် ခြိမ်းခြောက်လျက်ရှိသော အနောက်ဘက်ကမ်းဒေသ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုပြဿနာကို ဖြေရှင်းနိုင်မည့် အဖြေတစ်ရပ်ကို အစ္စရေးနိုင်ငံက ပေးနိုင်ဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်အစိုးရက ကမ်းလှမ်းခဲ့သော အဆိုပြုချက်များအရ အစ္စရေးနိုင်ငံသည် ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှု ၁၀ လကြာ ဆိုင်းငံ့ရေးကို လက်ခံရန် ၎င်း၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို တွန်းအား ပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီးက ပြောကြားသည်။

အနောက်ဘက်ကမ်းဒေသ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလသည် စက်တင်ဘာ ၂၆ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အဆိုပြုချက်များအရ အစ္စရေးအစိုးရသည် အနောက်ဘက်ကမ်းဒေသဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှု ဆိုင်းငံ့ကာလကို နှစ်လမှ သုံးလအထိ တိုးမြှင့်နိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးက ပြောကြားသည်။ဖာတာ လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင်ပိုင်းကလည်း အစ္စရေးနိုင်ငံအနေဖြင့် ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုကို အချိန်အကန့်အသတ်အားဖြင့် ပိတ်ပင်ခဲ့လျှင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှေ့ဆက်ရန် ဆန္ဒရှိကြသည်။ **အင်တာနက်။**

# အင်္ဂလိပ်ရေလက်ကြား သင်္ဘောချင်းတိုက် ဓာတုသင်္ဘော ပြင်သစ်ကမ်းခြေသို့ ဆွဲယူ

**ပါရီ အောက်တိုဘာ ၈**

ပြင်သစ်နိုင်ငံ ဘရစ်တာနီကမ်းခြေအလွန်တွင် ကြာသပတေးနေ့ညက ကုန်တင်သင်္ဘောတစ်စင်းနှင့် တိုက်မိခဲ့သော ဓာတုပစ္စည်းတင်သင်္ဘောကို ပြင်သစ်ကမ်းခြေသို့ ဆွဲယူလျက်ရှိကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ပြင်သစ်ကယ်ဆယ်ရေးအဖွဲ့ တစ်ဖွဲ့သည် "ဝိုင်အမ်ယူရေးနပ်(စ်)" အပေါ်သို့ တက်ခဲ့ကြပြီး ယင်းကို ဆွဲသင်္ဘောတစ်စင်းဖြင့် ပြင်သစ်စံတော်ချိန် နံနက် ၁၁ နာရီတွင် ချိတ်ဆက်နိုင်ခဲ့ကြောင်း သင်္ဘောပိုင်ရှင်က ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

"ယူရေးနပ်(စ်)" သင်္ဘောသယ်ယူလာသော ဓာတ်ဆီတန်ချိန် ၆၀၀၀ မှာ ယိုဖိတ်မှုမရှိကြောင်း သင်္ဘောကုမ္ပဏီဗိုရှစ်ကပြောသည်။ သင်္ဘောသားများကို ပြင်သစ်ရဟတ်ယာဉ်တစ်စင်းက အန္တရာယ်ကင်းရှင်းစွာ ကယ်တင်ခဲ့သည်။

အင်္ဂလိပ်ရေလက်ကြားအဝ၌ တည်ရှိသည့် ပြင်သစ်ပိုင်အူးဆန့်ကျွန်း၏ အနောက်တောင်ဘက် ရေမိုင် ၅၀ အကွာ၌ ပနားမား အလံလွှင့်ထူထားသော ဟန်ဂျင်းရိုင်ဇိုနှင့် တိုက်မိခြင်းဖြစ်သည်။

၎င်းရေလက်ကြားတွင် တစ်နေ့လျှင် သင်္ဘောစင်းရေ ၄၀၀ ကျော်ခုတ်မောင်းလျက်ရှိပြီး ကမ္ဘာတွင် အရှုပ်ထွေးဆုံးသော ရေလမ်းကြောင်းများအနက်မှ တစ်ခုဖြစ်သည်။ ရေဒါဖြင့် ထိန်းချုပ်သော လမ်းကြောင်းခွဲခြားသည့်စနစ်ကို အသုံးပြုသော်လည်း မကြာခဏ သင်္ဘောများတိုက်လျက်ရှိသည်။



ပြင်သစ်နိုင်ငံ ဘရစ်တာနီကမ်းခြေအလွန်တွင် သင်္ဘောချင်းတိုက်မိမှုကြောင့် ပျက်စီးခဲ့ရသော ဝိုင်အမ်ယူရေးနပ်စ်။

သံမဏိများတင်ဆောင်လာသော ဟန်ဂျင်းရိုင်ဇို သင်္ဘောသည် ပျက်စီးမှုမရှိသဖြင့် ဆက်လက်၍ ထွက်ခွာသွား ကြောင်း ပြင်သစ်ရေကြောင်းအာဏာပိုင်မှ ပြောရေးဆိုခွင့်ရှိသူ မက်ဂန်ဒါက ပြောသည်။ "ရိုင်ဇို"သည် စပိန်နိုင်ငံ လပ်စ်ပါးလ်မက်စ်နှင့် ဟော်လန်နိုင်ငံ ရော့တာဒန်အကြား ခုတ်မောင်းနေသော သင်္ဘောဖြစ်သည်။ **အင်တာနက်။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း ဗထူးတပ်နယ် နောင်ဝိုးနယ်မြေခံတပ်ရင်းရှိ မိသားစုဝင်များအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၈

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့်အတူ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ဗထူးတပ်နယ် နောင်ဝိုးနယ်မြေခံတပ်ရင်း၌ တပ်ရင်းမိသားစုဝင်များအား တွေ့ဆုံ၍ ချီးမြှင့်ပစ္စည်းများ ပေးအပ်ပြီး တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် နောင်ဝိုး-ရပ်စောက်လမ်း လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆိုက်ခေါင် ဘေလီတံတား ကြံ့ခိုင်မှုနှင့် လမ်းဘေးဝဲ၊ ယာ သီးနှံစိုက်ပျိုးအောင်မြင်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့**

ယင်းနောက် အင်တောမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တာဝန်ရှိသူများထံ ထောက်ပံ့ဆေးဝါးများ ပေးအပ်သည်။

ဆက်လက်၍ ဇော်ဂျီ အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ တာဝန်ရှိသူတစ်ဦးက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ ဇော်ဂျီရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အောင်သန်းထွန်းက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွန်း ဗထူးတပ်နယ် နောင်ဝိုး နယ်မြေခံတပ်ရင်းရှိ တပ်ရင်းမိသားစုဝင်များအား အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



# ရန်ကုန်တိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး မအူပင်-တွံတေး-လှိုင်သာယာလမ်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် အောက်တိုဘာ ၇ ရက်တွင် တွံတေးမြို့နယ်အတွင်း ဖောက်လုပ်လျက်ရှိသည့် မအူပင်-တွံတေး-လှိုင်သာယာ မြေသားလမ်း ဖောက်လုပ်ရေး တွံတေးမြို့နယ် တစ်ဖက်ကမ်း မြဂိုးကျေးရွာမှ ဇီးဖြူကုန်းချောင်းအထိ လုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းအင်ဂျင်နီယာများက မြေသားလမ်းအား သတ်မှတ်အမြင့်၊ အကျယ်အတိုင်းအတာ ပြည့်မီအောင် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးသည် ယင်းလမ်းပေါ်ရှိ အရှည်ပေ ၁၈၀၊ အကျယ် ၁၄ ပေရှိ ဇီးဖြူကုန်းချောင်းကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး ဒေါ်လှချောင်းကူးသစ်သားတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကိုလည်းကောင်း၊ မဒိုင်းချောင်းကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို လည်းကောင်း၊ ကျွဲလမ်းချောင်းကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို လည်းကောင်း **(ဝဲပုံ)**၊ တကလှဲ့ချောင်းကူးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တံတားများကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လမ်းနှင့်တံတား တစ်ပြိုင်နက်တည်းပြီးစီးရေး၊ လိုအပ်သည့် ပစ္စည်းနှင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာကိစ္စရပ်များ တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်း မအူပင်-တွံတေး-လှိုင်သာယာ မြေသားလမ်း ၈ မိုင်၊ ၃ ဖာလုံ ဖောက်လုပ်ရာတွင် တံတားငါးစင်း တည်ဆောက်ရေးလုပ်ငန်းသည် ၄၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး မိုးအကုန်တွင် ယင်းလမ်းကို ယာဉ်ငယ်များ ဖြတ်သန်းမောင်းနှင်နိုင်မည်ဖြစ်ရာ ယင်းမြေသား လမ်းမှတစ်ဆင့် အမာခံကျောက်ချော လမ်းနှင့်ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်၍ ရာသီမရွေး မအူပင်မြို့မှ ရန်ကုန်မြို့သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ ဆက်သွယ်သည့် လမ်းတစ်လမ်းအဖြစ် ပေါ်ထွန်းလာတော့မည် ဖြစ်ကြောင်း သိရရှိသည်။

(သတင်းစဉ်)

# ပုညကုသလအသင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

CMA ပုညကုသလ ဗဟုကရအသင်းကြီး၏ (၁၁၂)နှစ်မြောက် အသင်းတည်ထောင်သည့်နေ့ မိတ်ဆုံညစာစားပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် (စနေနေ့) ညနေ ၆ နာရီတွင် Western Park I (သခင်မြပန်းခြံ) ၌ကျင်းပမည်ဖြစ်ရာ လက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၆၀၀၀နှုန်းဖြင့် အသင်းတည်ရှိရာရုံးခန်း၌ ဝယ်ယူနိုင်ပြီး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အသင်းသား၊ အသင်းသူများ၏ ဂုဏ်ထူးရသားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။

**တင်သွင်းနိုင်**

အမှုဆောင်ရွေးချယ်ရန် ဆန္ဒရှိပါက အဆိုပြုလွှာများကို အသင်းတိုက်၌ ကိုယ်တိုင်လာရောက်ထုတ်ယူပြီး နိုဝင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

# နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဒေသအချို့၌ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့ သက်ဆိုင်ရာက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၁၀ခုနှစ် အောက်တိုဘာ ၆ ရက်နှင့် ၇ရက်တို့တွင် နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တို့၌ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှု၊ ကားလမ်းနှင့် ရထားလမ်းပိုင်းနေရာအချို့ ပျက်စီးမှုများရှိခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်အတွင်း အောက်တိုဘာ ၆ ရက် ည ၁၀ နာရီခန့်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းရှိ ဘုံချောင်းဘူတာနှင့် နန်းခမ်းဘူတာအကြား၌ ရထားလမ်းပေါ် မြေပြိုကျခဲ့ကြောင်း၊ ရထားလမ်းပိုင်း အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထားမှ တာဝန်ရှိသူတို့က ဆောင်ရွက်ခဲ့ရာ ယင်းနေ့ည ၆ နာရီတွင် ပြင်ဆင်ပြီးစီးသွားခဲ့သဖြင့် မန္တလေး-မြစ်ကြီးနားရထားများ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အောက်တိုဘာ ၆ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မန္တလေး-လားရှိုးလမ်းပိုင်း ဆည်တော်ဘူတာအနီး၌ တောင်ပြိုကျပြီး ရထားသံလမ်းဘေး၌ ကျောက်တုံးများ ကျရောက်ခဲ့၍ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီခန့်တွင် ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း၊ ရထားများ ပုံမှန်ပြန်လည်သွားလာနိုင်ပြီဖြစ်ပြီး တောင်ပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ အောက်တိုဘာ ၆ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ညောင်ဦးမြို့နယ် ငါ့မင်းမေးဘူတာနှင့် ကံသာယာဘူတာအကြား၌ လမ်းဘေးရှိမြေများ ပြိုကျပြီး ရထားသံလမ်းပေါ် သဲများ ဖုံးလွှမ်းသွားခဲ့သဖြင့် တာဝန်ရှိသူများက သွားရောက်ပြင်ဆင်ခဲ့ရာ အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ပြင်ဆင်ပြီးခဲ့၍ ရထားများ ပုံမှန်ပြန်လည် သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း အောက်တိုဘာ ၆ ရက် ည ၁၀ နာရီခန့်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဒေါင်းနေကျေးရွာအနီး ဒေါင်းနေချောင်းတွင် ချောင်းရေကြီးနေသဖြင့် ယာဉ်များဖြတ်သန်းမောင်းနှင်၍ မရခဲ့ကြောင်း၊ မကွေး-မန္တလေးကားလမ်း ဖြတ်သန်း မောင်းနှင်နိုင်ရေးအတွက် တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းမှ စတင်၍ မော်တော်ယာဉ်များ ဆောက်လုပ်ဆဲ ဒေါင်းနေချောင်း တံတားအနီးမှ ဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့၌ အောက်တိုဘာ ၇ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ကျေးရွာအချို့၌ ရေများဝင်ရောက်ပြီး ကားလမ်းနေရာအချို့တွင် ရေကျော်မှုများရှိခဲ့ကြောင်း၊ လူထိခိုက်သေဆုံးဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ အမာမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ဘိုကလေးမြို့နယ်တို့၌ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျေးရွာများအတွင်း ရေများဝင်ရောက်လာသဖြင့် အိမ်ထောင်စုအချို့အား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်း နေရာချထားပေးခဲ့ရကြောင်း၊ လူနေတဲအချို့ ပြိုကျပျက်စီးသွားခဲ့သော်လည်း လူနှင့် တိရစ္ဆာန် သေပျောက်မှု မရှိကြောင်း သိရှိရသည်။

မြေပြိုမှု၊ ကားလမ်းနှင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုများကို ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အမြန်ပြင်ဆင်ဖယ်ရှားရှင်းလင်းခဲ့သဖြင့် ကားလမ်း၊ ရထားလမ်းများ ပုံမှန် ပြန်လည်သွားလာနိုင်ပြီဖြစ်ကာ ရေကြီးနစ်မြုပ်ပြီး လူနေတဲများ ပျက်စီးခဲ့ရသည့် ရေဘေးဒုက္ခသည်များအား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဥတုရာသီတောက်ပိုမိုး၏**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၁၀-၂၀၁၀ (စနေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "အခြေခံဝိပဿနာ" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက) |
| ၆း၃၅ | ထင်ရှားဖူးမြော် မွေတော်ကက္ကူ စေတီတော် |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၈)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅)** |
| ၈း၄၀ | A Night of Pop (Part-7) |
| ၉း၂၅ | ဓမ္မဒူတပရိယတ္တိစာသင်တိုက် (သိမ်ဇရပ်) |
| ၉း၄၀ | Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၀၅ | Activities In The City -အထက(၃)ပန်းဘဲတန်း မြတ်ဆရာပူဇော်ပွဲ |
| ၁၀း၂၀ | နှောင်းချစ်ကြွေးတွေပြေပါစေ တေးစီးရီးရိုက်ကွင်းအမှတ်တရ |
| ၁၀း၄၀ | သွားမယ်စားမယ် (toscana bistro) |
| ၁၁း၀၅ | MNL Preview |
| ၁၁း၄၀ | ကူးလူးယှက်နွယ်ကွန်ရက်သဖွယ် ဖော်ဆောင်ကြိုးစားမြန်မာ့မီးရထား (မင်းလှ-မင်းဘူးရထားလမ်းပိုင်း) |
| ၁၂း၀၀ | "ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁) |
| ၁၂း၂၀ | ရမ္မာဝတီသို့ . . ရွက်လွှင့်ခြင်း |
| ၁၂း၄၀ | ပန်းချီပြခန်း (September Rain In Bagan Art Exhibition) |
| ၁း၀၀ | "အခြေခံဝိပဿနာ" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက) |
| ၁း၄၅ | အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Talent Show (နားဆင်ခံစားကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဂီတသံစဉ်များ) |
| ၂း၅၀ | သက်တံရောင်ကမ္ဘာထဲက TOA Color World |
| ၃း၁၅ | Activities In The City -အထက(၃)ပန်းဘဲတန်း မြတ်ဆရာပူဇော်ပွဲ |
| ၃း၃၀ | Kid's Show |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅)** |
| ၄း၄၀ | ကူးလူးယှက်နွယ်ကွန်ရက်သဖွယ် ဖော်ဆောင်ကြိုးစားမြန်မာ့မီးရထား (မင်းလှ-မင်းဘူးရထားလမ်းပိုင်း) |
| ၅း၀၅ | Sports Diary |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Movie Talk (မြန်မာ့ရုပ်ရှင်နေ့ဆွေးနွေးခန်း) (အပိုင်း-၂) |
| ၆း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၉)** |
| ၇း၂၅ | Road to Phyu Phyu Kyaw Thein Solo Concert |
| ၇း၃၅ | သူတို့ဘဝသူတို့ဟာသ (ဦးစိန်ပန်း) |
| ၈း၀၀ | MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် |
| ၈း၃၀ | စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့် |
| ၈း၅၀ | ဖက်ရှင်လမ်းညွှန် (Park Royal Wedding Fair) |
| ၉း၀၅ | VJ Choice |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆)** |
| ၁၀း၁၀ | သက်တံရောင်ကမ္ဘာထဲက TOA Color World |
| ၁၀း၃၀ | "ဝ"တာတစ်ကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁) |
| ၁၀း၅၀ | သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဟိဏ်းနှင့် တွေ့ဆုံခြင်း) |
| ၁၁း၂၅ | နှောင်းချစ်ကြွေးတွေပြေပါစေ တေးစီးရီးရိုက်ကွင်းအမှတ်တရ |
| ၁၁း၄၀ | ဟိုတယ်လမ်းညွှန် (The Hotel Amara NAYPYITAW) |
| ၁၂း၁၅ | ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနို့ထုတ်လုပ်ခြင်း) |
| ၁၂း၃၅ | World of Knowledge (Is It Real; King Aurthur) |
| ၁း၂၀ | ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (ဒါရိုက်တာကိုအောင်မင်းသိမ်း၏ ဇနီး သမီးမြတ်ကျော် နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁) |
| ၁း၅၀ | စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁) |
| ၂း၂၅ | ပြည်သူ့အတွက် EMS |
| ၂း၃၅ | မြန်မာ့ရွှေချည်ထိုးပညာ |
| ၂း၄၅ | စပါးကရွှေ . . ငါးကငွေ (ညီဂျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး) (ဒါရိုက်တာ-နိုင်း) |
| ၂း၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၃း၅၅ | လှပချစ်စရာလက်မှုအနုပညာ (Candy Brown) |
| ၄း၂၅ | မြို့ဦးဝေဝေပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ |
| ၄း၃၅ | ဓမ္မဒူတပရိယတ္တိစာသင်တိုက် (သိမ်ဇရပ်) |
| ၅း၀၀ | အစီအစဉ်ပြီး။ |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး တနိုင်းမြို့နယ်ရှိ ပီလောပီနံကြိတ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ❐ ကာကွယ်ရေးဝန်ကြီးဌာနမှ

လမ်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းနေသည့် ရာသီသီးနှံများ၊ နှစ်ရှည်ပင်များနှင့် လမ်းတစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တနိုင်းမြို့နယ်ရှိ ယုဇန ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးအဖွဲ့ ပီလောပီနံကြိတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝင်းအတွင်း သစ်ပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေး ဝဲ၊ ယာရှိ စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တနိုင်းမြို့နယ် ကောင်ရာကျေးရွာ ဒေသခံတောင်သူတစ်ဦး စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းသို့ရောက်ရှိ၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ တနိုင်းမြို့ နယ်မြေခံတပ်ရင်း မိသားစုနေအိမ်ခန်းများ၊ ဆေးခန်း၊ သက်သာဆိုင်နှင့် စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် တနိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တနိုင်းတံတားသို့ရောက်ရှိကာ တံတား ကြံ့ခိုင်မှုနှင့် တံတားပတ်ဝန်းကျင် ရေတိုက်စားခြင်းမှ ကာကွယ်ရန်ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ မြို့တွင်းလမ်း ကွန်ကရစ်ခင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မြင့်စိုးသည် အောက်တိုဘာ ၇ ရက်တွင် တနိုင်းမြို့ နယ်မြေခံတပ်နယ်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လည်းကောင်း၊ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားလည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❂ ရှေ့ဖုံးမှ

ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား (မကွေး)လမ်း၊နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၊ ကိုးပင်-သာဂရလမ်း၊ ထိန်တော-မိုးညို-မင်းလှ-စိန်ကန့်လန့်-ပိန်းဇလုတ်(ပဲနွယ်ကုန်း) လမ်း၊ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းနှင့် တောင်တွင်းကြီး-ချောင်းနက်-တောင်ညို - နေပြည်တော်လမ်းတို့ အနက် အရှည် ၉၁ မိုင် လေးဖာလုံရှိ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား (မကွေး) လမ်းမှာ အဆင့်မြှင့်တင် ဖောက်လုပ်ပြီးစီး၍ မကြာမီဖွင့်လှစ် တော့မည်ဖြစ်ကြောင်း သတင်းစကားကြားသိရသည်။ သို့ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆက်သွယ်၍ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက် ကွင်းဆင်းလေ့လာခဲ့သည်။

ပျော်ဘွယ် - ရွာမွန် - နတ်မောက် ကန်ပြား (မကွေး) လမ်းသည်ကား လမ်းမကြီး ခုနစ်သွယ်အနက် မြောက်ဘက် အစွန်ဆုံးကျသည့် လမ်းမကြီးဖြစ်သည်။ ရိုးမအရှေ့ဘက်ရှိ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နှင့် အနောက်ဘက် မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်မောက်မြို့နှင့် မကွေးမြို့တို့ကို ဆက်သွယ်ထားသည်။ တစ်နည်းအားဖြင့် ရိုးမအရှေ့လမ်းဖြစ်သည့် ရန်ကုန်-တောင်ငူ-မိတ္ထီလာ-မန္တလေးလမ်းနှင့် ရိုးမအနောက်လမ်းဖြစ်သည့် ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းတို့ကို ပေါင်းကူးဆက်စပ်ပေးထားသည့် လမ်းမကြီးဖြစ်သည်။

လမ်းမကြီးမှာ အခြားရိုးမ ဖြတ်လမ်းများကဲ့သို့ တောင်စဉ်တောင်တန်းများကို ဖြတ်ကျော်သွားလာရခြင်းမရှိဘဲ ရိုးမ၏ အဆုံး ဆင်ခြေလျှောတောင်ကုန်းလေးများ၊ ချိုင့်ဝှမ်းများ၊ တောင်ကျချောင်းများကို ဖြတ်သန်းဖောက်လုပ်ထားသော လမ်း ဖြစ်သည်။

ပျော်ဘွယ်မြို့မှတစ်ဆင့် အဆိုပါ လမ်းမကြီးပေါ်သို့ ရောက်သည်နှင့် ညီညာပြန့်ပြူးသော ကတ္တရာလမ်းမကြီးကို တွေ့လိုက်ရသည်။ လမ်းမကြီးကို အဆင့်မြှင့်တင် တည်ဆောက်ပြီးနောက်



မြို့ချောင်း ရေတိုက်စားမှုကြောင့် မူလလမ်းဟောင်း ပျက်စီးနေသည်ကို တွေ့ရစဉ်။

ဆောက်လုပ်ရေး အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် လမ်းလုပ်သားများက အမာခံလမ်းပခုံးသားများ မြှင့်တင်နေသည်ကို တွေ့ရသည်။

ထို့နောက် လမ်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်နေသော စီမံကိန်းတာဝန်ခံဖြစ်သူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်(လေယာဉ်ကွင်း)ဦးသိန်းဇော်နှင့်တွေ့ဆုံ၍ လမ်းအဆင့်မြှင့်တင် တည်ဆောက်ခဲ့မှုအခြေအနေကို မေးမြန်းဆွေးနွေးခွင့် ရခဲ့သည်။

ပထမဦးစွာ ဦးသိန်းဇော်က "ဒီလမ်းက နဂိုရှိပြီးသား လမ်းဟောင်းပါ။ သို့သော် နှစ်ကြာလာတာနဲ့အမျှ လမ်းက ယိုယွင်းပျက်စီးနေပြီးတော့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်တဲ့လမ်းအဖြစ် အသုံးမပြုနိုင်တော့ပါဘူး။ ကတ္တရာလမ်းဆိုပေမယ့် တချို့နေရာတွေမှာ လမ်းသားတွေပေါက်၊ တချို့နေရာတွေမှာ ရေ လေ တိုက်စားမှုစတဲ့ သဘာဝဘေးဒဏ်တွေကြောင့် လမ်းသားမရှိတော့ဘဲ ပျက်စီးနေပါတယ်။ အများဆုံးပျက်စီးတာက



လမ်းဆောက်လုပ်ရေးအထူးအဖွဲ့ (၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတိုးခိုင် ရှင်းလင်းပြောကြားစဉ်။

တော့ ချောင်းရေကျော်တွေမှာ သဲတွေ ဖုံးပြီး လမ်းသားမရှိတော့တာပါပဲ" ဟု ရှင်းပြသည်။

"ဒီလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းမကြီးအဖြစ် ပြန်ပြီး တည်ဆောက်ခဲ့ရာမှာ အခုအားလုံး ပြီးစီးသွားခဲ့ပါပြီ။ အချောသပ်လုပ်ငန်းလေးတွေကိုပဲ ဖွင့်ပွဲအမီပြီးစီးအောင် ဆောင်ရွက်နေတာပါ။ လမ်းကို အမြန်ပြီးစီးအောင်လည်း ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့တွေ စုဖွဲ့ပြီး အင်တိုက်အားတိုက် ကြိုးစားခဲ့ကြလို့ အခုလိုအချိန်တိုအတွင်းမှာ ပြီးစီးသွားခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားပြီး ဆောက်လုပ်ရေးအဖွဲ့များ



စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာချုပ်(လေယာဉ်ကွင်း) ဦးသိန်းဇော် ရှင်းလင်းပြောကြားစဉ်။

အား လမ်းပိုင်းအလိုက် တာဝန်ခွဲဝေချထားမှုကို ရှင်းပြသည်။

လမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်ရာတွင် ရမည်းသင်းခရိုင်ဆောက်လုပ်ရေးအဖွဲ့၊ အဆောက်အအုံ ဆောက်လုပ်ရေး အထူးအဖွဲ့(၅)၊ အဆောက်အအုံ ဆောက်လုပ်ရေး အထူးအဖွဲ့(၃)၊ မကွေးခရိုင်ဆောက်လုပ်ရေးအဖွဲ့၊ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၅)နှင့် လမ်းဆောက်လုပ်ရေး အထူးအဖွဲ့ (၁၃) တို့က လမ်းပိုင်းအလိုက် တာဝန်ခွဲဝေ ဆောင်ရွက်ခဲ့ကြသည်။ ခရိုင် ဆောက်လုပ်ရေးအဖွဲ့များ၏ လမ်းပိုင်းတွင် ရမည်းသင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်၊ မကွေးမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့မှ ဆောက်လုပ်ရေးအဖွဲ့များက ထပ်မံတာဝန်အသီးသီး ခွဲဝေဆောင်ရွက်ခဲ့ကြသဖြင့် လုပ်ငန်းများ ပိုမိုမြန်ဆန် ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဒုတိယအင်ဂျင်နီယာချုပ်က ရှင်းပြသည်။

လုပ်ငန်းဆောင်ရွက်ရာတွင် ၃၄ ပေ အကျယ် မြေသားတာပေါင်ချဲ့ခြင်း၊ တစ်ဖက်သုံးပေ ကျောက်လမ်းအမာခံ လမ်းပခုံးချဲ့ခြင်း၊ လမ်းမျက်နှာပြင် အနိမ့်အမြင့်ညှိ၍ ရေပိတ်လွှာလောင်းခြင်း၊ ၁၁/၂" × ၂" ကျောက်ဖြင့် ထပ်ပိုးလွှာတင်ခင်းခြင်း၊ အကွက် လိုက်ဖာထေး၍ ရေပိတ်လွှာလောင်းခြင်း၊ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ ရေကျော်များ တည်ဆောက်ခြင်းနှင့် ခန်းဖွင့် ငါးပေရှိသည့် တံတားများ တည်ဆောက်ခြင်းတို့ကို လမ်းပိုင်းအလိုက်၊ ပျက်စီးနေသည့်နေရာအလိုက် အသေးစိတ် ပြုပြင်တည်ဆောက်ခဲ့ရကြောင်း လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၃) မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတိုးခိုင်က ပြောကြားသည်။ ယင်းအဖွဲ့မှာ

လမ်းဖောက်လုပ်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့နှင့်အတူ လမ်းတစ်လျှောက် လိုက်လံကြည့်ရှုလေ့လာရင်း ယခင်က ပျက်စီး ယိုယွင်းနေခဲ့သော လမ်းအခြေအနေကို ပြန်လည်မြင်ယောင်မိသည်။ ၂၀၀၉ ခုနှစ် မေလပိုင်းတွင် မကွေးမြို့မှ နေပြည်တော်သို့ ပြန်ရာ၌ ဤလမ်းမှ တစ်ဆင့် ဖြတ်သန်းသွားလာခဲ့ဖူးသည်။ မကွေးမှ နတ်မောက်သို့ ၃၆ မိုင်ခန့် သွားရသည်။ နတ်မောက်နှင့် ပျော်ဘွယ်က ၆၂ မိုင် ၄ ဖာလုံကွာဝေးသည်။ မြို့နှစ်မြို့ကြားတွင် ရွာမွန်၊ ရန်အောင်စသည့် ကျေးရွာကြီးများ ရှိသည်။ လမ်းခရီးတစ်လျှောက်တွင် လမ်းကောင်းသည့်နေရာဟူ၍ မရှိသလောက်နည်းပါးသည်။ လမ်းနယ်မြေလည်း ကျဉ်းသည်။ ကားချင်း ရှောင်လိုပါက လမ်းကျယ်သည့်နေရာတွင် ရပ်၍ ရှောင်မှရသည်။ အချို့နေရာများမှာ ကတ္တရာလမ်းပျက်စီးနေသည်။ အချို့နေရာများမှာ လမ်းသားများ ပေါက်ပြဲနေသဖြင့် ချိုင့်ခွက်များကို ရှောင်တိမ်း၍ ကားကိုမောင်းနှင်ရသည်။ အချို့နေရာများတွင်မူ ရေတိုက်စားထားသဖြင့် လမ်းသားက တစ်ခြမ်းပြတ်နေပြီး ချောက်ကမ်းပါးလိုဖြစ်နေသည်။ ကားကို ချောက်ထဲမကျစေရန် တစ်လိမ့်ချင်း ထိန်း၍ မောင်းနှင်ရသည်။ ပို၍ဆိုးသည်က ရေကျော်နေရာများဖြစ်သည်။ လမ်းဖြတ်သန်းသွားရာ ချောင်းများမှာ ထို့ကြောင့် ခရီးကမတွင်။ ၁၉၆၄ ခုနှစ်က ဖောက်လုပ်ခဲ့သည်ဆိုသော အဆိုပါ လမ်းကြီးသည် သဘာဝဘေးဒဏ်များနှင့် ပြုပြင်ထိန်းသိမ်းမှုအားနည်းချက်များကြောင့် လမ်းဆိုသော်ငြား လမ်းဟု အမည်တပ်၍ ရရုံသာရှိတော့သည်ကို တွေ့ခဲ့ရသည်။

ယခုမူ ယင်းလမ်းအား ရာသီမရွေး သွားလာနိုင်သော လမ်းအင်္ဂါရပ်နှင့် ညီညွတ်သည့် ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ရန် နိုင်ငံတော်က စီမံကိန်းချမှတ် ဆောင်ရွက်စေခဲ့သဖြင့် ယခုကဲ့သို့ အမြင်လည်း တင့်၊ သွားလာ၍လည်း အဆင်ပြေချောမွေ့လာသည့် လမ်းမကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပေပြီ။

လမ်းမကြီးကို လမ်းသားအကျယ် ၃၄ ပေ၊ ကတ္တရာလမ်းအကျယ် ၁၂ ပေ ရှိပြီး အချို့နေရာများတွင် ၁၈ ပေ အကျယ် တည်ဆောက်ထားသည်။ လမ်းမျက်နှာပြင် ပြေပြစ်ချောမွေ့အောင် ဖောက်လုပ်ထားသည်ကိုလည်း တွေ့မြင်ရသည်။

သဲချောင်းများကို ဖြတ်သန်းရာ၌ လမ်းပေါ်သို့ သဲများ တင်ကျန်မနေစေရန်အတွက် ကွန်ကရစ်ရေကျော်များ၊ လမ်းပေါ်သို့ ရေများတိုက်ရိုက်မစီးဆင်းစေရန်အတွက် ရေကာများ ပြုလုပ်ပေးထားသည်။ ယခင်က မိုးရေတိုက်စားခဲ့သောနေရာများတွင် ကွန်ကရစ် မြေထိန်းနံရံများ ပြုလုပ်ပေးထားသည်။ မိုင်တိုင်အမှတ်(၄၇/၂) အနီးရှိ ကျားထူးချောင်းတွင် တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၇) မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သူနှင့်အဖွဲ့က အရှည်ပေ ၄၈၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်ကြမ်းခင်းတံတားကို Span Pipe အုတ်မြစ်ဖြင့် တည်ဆောက်နေသည်။

ရွာမွန်ကျေးရွာအနီး မိုင်တိုင်အမှတ် (၄၈/၀) ရှိ မြို့ချောင်းတွင်လည်း မြေကာနံရံ တည်ဆောက်နေသည်ကို တွေ့ရသဖြင့် မေးမြန်းကြည့်ရာ လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းတိုးအောင်က မြို့ချောင်းရေကျော်အနီးရှိ လမ်းတာပေါင် ရေတိုက်စားမှုမှာ ကတ္တရာလမ်းသားအထိ ပျက်စီးနေကြောင်း၊ ထို့ကြောင့် မြေကာနံရံ တည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ တည်ဆောက်ပြီး မြေကာနံရံ တည်တံ့ခိုင်မြဲရေးအတွက်လည်း ရေမတိုက်စားစေရန်၊ ရေလမ်းကြောင်း ပြောင်းလဲသွားစေရန် လိုအပ်သဖြင့် ရေလမ်းလွှဲ ရေထိန်းနံရံ တည်ဆောက်နေကြောင်း ဖြင့် ရှင်းပြသည်။

နတ်မောက်မြို့သို့ အရောက်တွင် မြို့ခံတစ်ဦးဖြစ်သူ ကိုထင်ကျော်မိုးအား လမ်းအခြေအနေနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ "ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ ပျော်ဘွယ်က တစ်ဆင့် မန္တလေး၊ နေပြည်တော်တို့ကို သွားရင်ပဲဖြစ်ဖြစ်၊ မကွေးကိုသွားရင်ပဲ ဖြစ်ဖြစ် ဒီလမ်းကိုပဲ အမြဲအမှီပြုသွားနေရတာပေါ့။ ခရီးက သိပ်မဝေးပေမယ့် လမ်းမကောင်းတော့ ပျော်ဘွယ်ကို ငါးနာရီလောက်၊ မကွေးဆိုရင် နှစ်နာရီ၊ သုံးနာရီလောက် လိုင်းကားစီးရတယ်။ သွားရတာ ခရီးဖင့်သလို ချိုင့်ခွက်က ပေါတော့ ကားဆောင့်ပြီး ခါးတွေ၊ တင်တွေ နာတာပေါ့ဗျာ။ ဒါပေမယ့် လမ်းက ဒီတစ်လမ်းပဲရှိတော့ မဖြစ်မနေ သွားစရာရှိရင် အောင့်အည်းသွားနေရတာပဲ။ အဲဒါအရင်တုန်းက အခြေအနေပေါ့။ အခုလမ်းပြင်ပြီးကာမှ မကွေးကို သွားသေးတယ်။ ခဏကလေးနဲ့ ရောက်တယ်ဗျာ။ လမ်းကြီးကလည်း ဖြူးနေ



မိုင်တိုင်အမှတ်(၈၁/၂)နှင့် (၈၁/၃) အတွင်း လမ်းအနိမ့်အမြင့် ညှိခြင်း ဆောင်ရွက်ပြီးနောက် တွေ့ရစဉ်။

မိုင်တိုင် အမှတ်(၄၁/၁)မှ (၄၆/၃) အတွင်း ၅ မိုင် ၂ ဖာလုံနှင့် မိုင်တိုင်အမှတ်(၇၄/၁)မှ (၉၁/၄)အတွင်း ၁၇ မိုင် ၃ ဖာလုံတို့ကို တာဝန်ယူ ဖောက်လုပ်ခဲ့သည်။

အလားတူ ချောင်းများကို ဖြတ်သန်းရာ၌ လမ်းကို ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် ရေကာများလည်း ပြုလုပ်ပေးခဲ့ရပြီး အချို့နေရာများတွင် လမ်းသားကို ရေတိုက်စားထား၍ လမ်းသားပြတ်ကျနေသည့်နေရာများ၌လည်း အခြားမြေသား အစားထိုးကာ လိုအပ်သည့် မြေသားလမ်းအကျယ်နှင့် ကတ္တရာလမ်းအကျယ် ရရှိအောင် ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

မိုးရွာချိန်တွင် ရေက တစ်ဟုန်ထိုးစီးဆင်းသွားတတ်ပြီး ကျန်အချိန်များတွင်တော့ သဲများသာရှိသော ချောင်းကောများဖြစ်နေတတ်သည်။ မိုးရွာစဉ်က မိုးရေနှင့်အတူ ပါလာသည့် သဲများက ချောင်းအတွင်းရှိလမ်းကို ဖုံးလွှမ်းသွားသည်။ သဲထုက တစ်ပေမကရှိသည်။ ယင်းနေရာမှ ကားဖြတ်သန်းသွားသောအခါ အခန့်မသင့်က သဲနစ်၍ ကားကရုန်းမရတော့။ လူအားဖြင့် တွန်း၊ သဲကိုယက်တူး၊ ထိုသို့ အရပ်ကူလူဝိုင်းပါမှ ကားကဆက်သွား၍ရသည်။ အဆိုပါ သဲချောင်းများကလည်း လမ်းတစ်လျှောက်တွင် ၁၀ ခုမက ရှိသည်။ တချို့ချောင်းများမှာ ပေ ၃၀၀ မက ကျယ်သည်။ တံတားကလည်း မရှိ၊



မိုင်တိုင်အမှတ်(၆/၇)နှင့် (၇/၀)
ထားစဉ်။





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင် ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင် ကရင်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲများအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်နှင့် ကရင်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီခွဲတွင် ဘားအံမြို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောအောင်ပွင့်၊ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဘားအံခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က ကော်မရှင်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်း ပြောကြားပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ ဘားအံမြို့ပေါ်ရှိ မဲရုံများနှင့် မဲစာရင်းကြေညာထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့မှ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်နှင့် ဧရာဝတီတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးထွန်းတို့သည် မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား တွေ့ဆုံသည့် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၇ နာရီတွင် မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်က ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး မြောင်းမြခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်စိန်နှင့် မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများကလည်းကောင်း၊ လပွတ္တာခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲတို့ကလည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့်နှင့် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့သည် မြရွှေဝါခန်းမအတွင်း စီစဉ်ထားရှိသည့် မဲရုံသရုပ်ပြပုံနှင့် လျှို့ဝှက်ဆန္ဒမဲပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Yangon Trade Fair 2010 ပြပွဲ၌ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည် ပါဝင်ပြသ

**ရန်ကုန် အောက်တိုဘာ ၈**

Smart Business Group က ကြီးမှူး၍ Yangon Trade Fair 2010 ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ပြပွဲရက်အတွင်း Htoo Group of Companies လက်အောက်ရှိ Aureum Hotels-Resorts မှ စားသောက်ဖွယ်ရာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ Yangon Trade Fair 2010 ပြပွဲတွင် EMP ကုမ္ပဏီလီမိတက်မှ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည်တို့ကို ပြသရောင်းချပေးလျက်ရှိသည်။

Boneal ဒဏ်ကြေလိမ်းဆေးသည် ရှားပါး၍ အစွမ်းထက်မြက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျဖော်စပ်ထားသဖြင့် အကြောရောဂါ အမျိုးမျိုးကြောင့် ဖြစ်တတ်သော ရောဂါများ၊ ပခုံးကပ်ခြင်း၊ ဒူးနာခြင်း၊ ဒူးကိုက်ခြင်း၊ ခါးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း ဝေဒနာတို့ကို ပျောက်ကင်းစေသည်။ နာကျင်နေသော အကြောများကို ပုံမှန်အတိုင်း ကောင်းမွန်စေသည့်အပြင် အကြောများကိုပါ ပြေလျော့စေနိုင်သဖြင့် အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ် ရနေသူများ သုံးစွဲနိုင်ရန် အမြဲဆောင်ထားသင့်သည်။ ထို့အပြင် ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒဆေးဝါးများနှင့် တိရစ္ဆာန်အဆီများ လုံးဝမပါဝင်သောကြောင့် ကျား၊ မ မရွေး ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည်။

ပြပွဲတွင် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည်ကိုပါ ပြသရောင်းချလျက်ရှိသည်။ ဗောက်ထခြင်းသည် မှိုရောဂါတစ်မျိုးကြောင့်ဖြစ်သည်။ Pityrosporum မှိုကြောင့် ဗောက်ထခြင်းသည် သာမန်ခေါင်းလျှော်ရည်များဖြင့် ကုသပျောက်ကင်း၍မရပါ။ထို့ပြင် ပြခန်းတွင် ဝက်ခြံပျောက်ဆေးကိုပါ ရောင်းချလျက်ရှိသည်။

Boneal နှင့် Haicnealတို့ကို မှာယူလိုပါက EMP Co., Ltd. အမှတ်(၂၂၂) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၉၉၅၊ ၂၀၃၀၀၈၊ ၀၁-၇၃၀၃၇၁၉၄ နှင့် ၀၁-၇၃၀၃၇၁၉၆၊ မန္တလေး ဖုန်း-၀၂-၃၁၃၆၃နှင့် ၀၉-၆၅၀၀၅၉၇၊ တောင်ကြီး ဖုန်း-၀၉-၄၉၃၅၀၆၆၄၊ လားရှိုး ဖုန်း-၀၉-၄၇၃၀၁၄၃၁၊ မုံရွာ ဖုန်း-၀၉-၂၀၆၂၄၁၉၈တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။(သတင်းစဉ်)

# မိုးညအိပ်မက်မြူဇာတ်ကားသစ် ရုံတင်

**ရန်ကုန် အောက်တိုဘာ ၈**

အောက်တိုဘာ ၈ ရက် (သောကြာနေ့) တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မဟာထွန်းရုပ်ရှင်မှ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုကို ကြည်ဖြူရှင်က ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးသည့် **မိုးညအိပ်မက်မြူ** ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။

၎င်းဇာတ်ကားမှာ တစ်ခေတ်တစ်ခါက အလွန်နာမည်ကြီးပြီး ပရိသတ်အကြား ရေပန်းစားခဲ့သော ဝတ္ထုတစ်ပုဒ်ဖြစ်ပေရာ ယခုအခါတွင် ဒါရိုက်တာ ကြည်ဖြူရှင်က ရုပ်ရှင်အဖြစ် ထပ်မံအသက်သွင်းလိုက်ခြင်းဖြစ်၍ ယခုအကြိမ်တွင်လည်း ပရိသတ်အကြား အကြိုက်များမည့် ဇာတ်ကားတစ်ကားဖြစ်မည်ဟု မျှော်လင့်ရသည်။ နေတိုး၊ ဧည့်သည်သရုပ်ဆောင် ရဲအောင်နှင့် အောင်ရဲလင်း၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်နှင့် ခင်သီတာထွန်းတို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံတစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ရန်အောင်၊ ရဲအောင်၊ နေတိုးနှင့် မိုးဟေကိုတို့ပါဝင်သော **ဂွတ်ရှယ်သမက်** ဇာတ်ကားမှာ ရွှေ့ဆောင်၊ နဝဒေး၊ မဟာမြိုင်ရုံနှင့် ကျော်ရဲအောင်၊ ပြေတီဦး၊ စိုးမြတ်သူဇာနှင့် သက်မွန်မြင့်တို့ ပါဝင်သည့် **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ ဝဇီရာ(၂) နှင့် ရွှေမန်းရုံတို့တွင် ပြသမည်ဖြစ်သည်။



**မိုးညအိပ်မက်မြူ ဇာတ်ကားသစ်မှ နေတိုးနှင့် မိုးဟေကိုတို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။**

## နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် နာမည်ကြီး သရုပ်ဆောင် TOM CRUISEနှင့် CAMERON DIAZတို့ ခေါင်းဆောင်ပါဝင်သည့် စွန့်စားမှု အသားပေးဇာတ်ကြမ်းကား KNIGHT AND DAY ဇာတ်ကား ပြသမည်ဖြစ်သည်။

# အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်



**မိုင်းယောင်းမြို့ စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုကို တွေ့ရစဉ်။** (မြို့နယ်စည်ပင်)



**မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်း ကျောက်စီရေမြောင်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အထက(၂)အဝင်လမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေဦး-တမာတောလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ဟော်ကီပြိုင်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၈

**အားကစားဝန်ကြီးဌာနမှ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းက မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ကျော်လှိုင်၊ ဦးဇော်ဝင်း၊ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးခင်မောင်လတ်၊ ဘဏ္ဍာရေးမှူး ဦးအောင်သန်း၊ ဦးကျော်ဝင်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဟော်ကီပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၀ရက် ညနေ ၃ နာရီတွင် သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖွင့်ပွဲနှင့်ပိတ်ပွဲကို တစ်နေ့တစ်ပွဲစီကျင်းပပြီး ကျန်နေ့များတွင် တစ်နေ့နှစ်ပွဲ၊ ပထမပွဲစဉ်ကို မွန်းလွဲ ၂ နာရီနှင့် ဒုတိယပွဲစဉ်ကို ညနေ ၄ နာရီတွင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(၁၉)



**ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်း လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှာကြားစဉ်။**

(၁၉)

## (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေပိုင်းက တောင်ငူမြို့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်း ဒေသကြီးအသင်းက ခုနစ်ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော် မြောင်းကြီးလမ်းနေ ဦးအုန်းမောင်-ဒေါ်လှသန်းတို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှစ်ပတ်လည် အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးသန်းအောင် လက်ခံစဉ်။**

(သတင်းစဉ်)

## (၁၅)ကြိမ်မြောက် အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း)အုပ်စုပတ်လည်ပွဲစဉ်များကို အောက်တိုဘာ ၆ ရက်တွင် တောင်ငူဇုန်နှင့် ပဲခူးဇုန်တို့၌ ဆက်လက်ကျင်းပရာ တောင်ငူဇုန်၌ ဧရာဝတီတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပဲခူးဇုန်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အကြိုဗိုလ်လုပွဲနှစ်ပွဲကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် လည်းကောင်း၊ တတိယနေရာလုပွဲကို အောက်တိုဘာ ၁၁ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၂ ရက်တွင် လည်းကောင်း တောင်ငူမြို့နယ် ခရိုင်အားကစားကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် အဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်မှု သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် နံနက် ၉ နာရီက မြို့နယ် ဆရာစခန်းမ၌ ကျင်းပရာ သာယာဝတီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ရွှေ အဖွင့်အမှာစကား ပြောကြားစဉ်။**

(ခရိုင်ပြန်/ဆက်)

# မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် အောက်တိုဘာ ၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပုသိမ်ကြီးမြို့တွင် ၁၁ ဒသမ ၃၁ လက်မ၊ မောင်တောမြို့တွင် ၈ ဒသမ ၁၉ လက်မ၊ မြစ်ငယ်မြို့တွင် ၇ ဒသမ ၈၇ လက်မ၊ စဉ့်ကိုင်မြို့တွင် ၇ ဒသမ ၁၀ လက်မ၊ ကျောက်ဆည်မြို့တွင် ၆ ဒသမ ၄၂ လက်မ၊ အမရပူရမြို့တွင် ၆ ဒသမ ၂၄ လက်မ၊ တံတားဦးမြို့တွင် ၅ ဒသမ ၉၁ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၅ ဒသမ ၇၅ လက်မ၊ မန္တလေးမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ ရွှေစာရံမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ နောင်ချိုမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ မြင်းမူမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ပုလဲမြို့တွင် ၄ ဒသမ ၂၅ လက်မနှင့် ကနီမြို့တွင် ၄ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေဒေသများသို့ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ကပ္ပလီပင်လယ် ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ် နေသည်။

**၂၀၁၀ ခုနှစ် အောက်တိုဘာ ၉ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**၂၀၁၀ခုနှစ် အောက်တိုဘာလ ဒုတိယ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။



**မန်ယူပရိသတ်များက ဤသို့ ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဂလေဇာမိသားစုကို ဆန့်ကျင်ခဲ့ကြသည်။**

# ဂလေဇာမိသားစုကို မန်ယူပရိသတ် အလိုမရှိတော့ပြီ

**လန်ဒန် အောက်တိုဘာ ၈**

အင်္ဂလိပ်ပရီမီယာလိဂ်တွင် အောင်မြင်မှုအရှိဆုံးဟု ဆိုနိုင်သည့် မန်ယူအသင်းသည် ယခုနှစ် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီအစတွင် ရလဒ်ဆိုးများဖြင့် ရင်ဆိုင်နေရပြီး ဝေဖန်မှုများလည်း အတောမသတ်ဖြစ်လာခဲ့ရသည်။ ထိုသို့ မန်ယူအသင်း ဖိအားများဖြင့် ရင်ဆိုင်နေရချိန်တွင် မန်ယူပရိသတ်အများစုက ပိုင်ရှင်ဂလေဇာမိသားစုကို အလိုမရှိတော့ကြောင်း ထုတ်ဖော်ကြွေးကြော်ခဲ့ကြသည်။

မန်ယူအသင်းသည် ပွဲစဉ်(၇) အပြီးတွင် သုံးပွဲနိုင်၊ လေးပွဲသရေကျပြီး အဆင့်(၃)တွင် ရပ်တည်နေကာ အမှတ်ပေးဇယားထိပ်မှ ချယ်လ်ဆီးနှင့် ငါးမှတ်ကွာနေသည်။ ထိုသို့ ရလဒ်ပိုင်းဆိုးရွားနေရခြင်းမှာ မန်ယူအသင်းတွင် ကစားသမားသစ် အလုံအလောက်ခေါ်ယူနိုင်မှုမရှိခြင်း၊ အရန်အင်အားချို့တဲ့ခြင်းနှင့် အသင်းရှိ အားထားရသည့် ကစားသမားများမှာ သက်ကြီးပိုင်းရောက်လာရခြင်းတို့ကြောင့် ဖြစ်သည်။

လတ်တလောတွင် မန်ယူအသင်း၏ ဝင်ငွေများကို အသင်းပြင်ဆင်ရေးအတွက် အဓိကထားမသုံးစွဲဘဲ ဂလေဇာမိသားစု၏ ကြွေးမြီများကိုသာ ဖြေရှင်းနေသည်ဟု သိရသည်။ မန်ယူအသင်း၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအသုံးစရိတ်မှာ ပေါင် ၆၇ သန်းရှိခဲ့သော်လည်း ဂလေဇာမိသားစု၏ ကြွေးမြီအတွက် အတိုးနှုန်းပေးဆပ်မှုမှာ ပေါင်သန်း ၄၀ အထိရှိခဲ့ပြီး ကျန် ပေါင်၂၇ သန်းကိုသာ ကစားသမားခေါ်ယူမှုတွင် အသုံးပြုခဲ့သည်ဟုဆိုသည်။ မန်ယူပရိသတ်များ၏ တူညီသော ဆန္ဒများမှာ Go Glazers Outပင် ဖြစ်သည်။

## နိုင်ငံတကာ အားကစားသတင်းများ ဝင်းတင်(ကြေးမုံ)

# အင်္ဂလန်အသင်းခေါင်းဆောင်ရာထူး ဖာဒီနန် ပြန်လည်မျှော်လင့်

**လန်ဒန် အောက်တိုဘာ ၈**

မန်ယူအသင်းမှ အင်္ဂလန်နောက်ခံကစားသမားဖာဒီနန်သည် အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးကို အားလျှော့ခြင်းမရှိဘဲ ပြန်လည်ရယူနိုင်ရန် မျှော်လင့်လျက်ရှိနေကြောင်းသိရသည်။

အင်္ဂလန် ဗဟိုခံစစ်ကစားသမားများဖြစ်သည့် ဂျွန်တယ်ရီနှင့် ဖာဒီနန်တို့မှာ အင်္ဂလန်အသင်းနှင့်အတူ လေ့ကျင့်ရေးကွင်းဆင်းနေပြီဖြစ်သော်လည်း အသင်းခေါင်းဆောင်ရာထူးကို ကွင်းလယ်ကစားသမားဂျရတ်ကသာ ဆက်လက်တာဝန်ယူသွားမည်ဖြစ်သည်။ ဖာဒီနန် ဒဏ်ရာကြောင့် အင်္ဂလန်အသင်း၌ ပါဝင်နိုင်ခြင်းမရှိချိန်တွင် နည်းပြကာပယ်လိုသည် ဗဟိုခံစစ်နေရာအတွက် အဲဗာတန်မှ ဂျာဂျီကာကိုထည့်သွင်းကစားခဲ့ရာ ဂျာဂျီကာမှာ အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြကစားသွားနိုင်ခဲ့သည်။ ကာပယ်လိုကလည်း ဂျာဂျီကာကိုအလွန်သဘောကျကာ ချီးကျူးလျက်ရှိနေရာ အသင်းခေါင်းဆောင်ရာထူးကိုပင် ပေးအပ်လာဖွယ်ရှိနေသည်။ ယင်းပြင် ဂျွန်တယ်ရီလည်းရှိနေသေးခြင်းကြောင့် ဖာဒီနန်၏ အင်္ဂလန်အသင်းခေါင်းဆောင်ရာထူး မျှော်လင့်ချက်မှာ အောင်မြင်ဖွယ်ရာ မရှိနိုင်ပေ။

***အင်တာနက်။***



**အင်္ဂလန်အသင်း၏ လေ့ကျင့်ရေးကွင်းမှ ဝိန်းရွန်နေး။**

# ဝိန်းရွန်နေး လေ့ကျင့်ရေး ဆင်းပြီ

**လန်ဒန် အောက်တိုဘာ ၈**

အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွန်နေးသည် မိခင်အင်္ဂလန်အသင်းနှင့်အတူ လေ့ကျင့်ရေးကွင်းသို့ ဆင်းနေပြီဖြစ်သည်။

သို့သော် ဒူးဒဏ်ရာကြောင့် အနားယူနေရသည့် ဝိန်းရွန်နေးသည် လာမည့် အင်္ဂါနေ့တွင် မွန်တီနီဂရိုးနှင့်ကစားရမည့် ၂၀၁၂ ဥရောပဖလားခြေစစ်ပွဲတွင် ပွဲချိန်ပြည့် ပါဝင်ကစားနိုင်ရန် မသေချာသေးပေ။ ထို့ကြောင့် နည်းပြကာပယ်လိုသည် အသက်(၃၃)နှစ်ရှိ ဘော်လ်တန်တိုက်စစ်မှူး ကီဗင်ဒေဗီးစ်ကို အင်္ဂလန်အသင်းအတွက် ရွေးချယ်ထားသည်။

***အင်တာနက်။***

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် လုပ်ငန်းညှိနှိုင်း၊ မဲရုံသရုပ်ပြမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအင်ဇော်နော်၊ ဒေါက်တာမောင်ထူး၊ ဒေါက်တာဘမောင်နှင့် ဦးဝင်းကြည်၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ အတွင်းရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြစ်ကြီးနား၊ ဝိုင်းမော်နှင့် အင်ဂျန်းယန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၇၆ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက လမ်းညွှန်ချက်များနှင့်အညီ စီမံဆောင်ရွက်ရေး၊ ဆန္ဒမဲပေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေက ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြစ်ကြီးနားခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ

**စာမျက်နှာ ၉ ကော်လံ ၆ သို့** ❑

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် MRTV-4 (Free To Air) ရုပ်သံလိုင်း ဖမ်းယူကြည့်ရှုနိုင်သော နေရာဒေသများ

**ရန်ကုန် အောက်တိုဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 ရုပ်သံလိုင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ ပြည်သူလူထုအနေဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်စေရန် Free To Air VHF Analogue စနစ်ဖြင့်ပါ ထုတ်လွှင့်ပေးလျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့** ❖

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးမောင်မောင်နီ၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၄)နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။**

## ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၈

**ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးသို့ မုန်တိုင်းဝင်ရောက်မည်ဆိုသော ကောလာဟလသတင်းမှာ မမှန်ကန်ကြောင်း သိရှိရသည်။**

### ကုန်းတွင်းဖြတ်ကျော်

**ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။**

### ဒေသအလိုက်မိုးကြီးနိုင်

**မုန်တိုင်းငယ်၏ အကြွင်းအကျန် တိမ်တိုက်များကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက် မိုးကြီးနိုင်ကြောင်း၊ မုန်တိုင်းသတင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (သတင်းစဉ်)